မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၄ရက်၊ ၂၀၁၀ ခုနှစ်၊ ဇူလိုင် ၁၅ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၉)၊ အမှတ်(၂၈၃)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ စပိန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ အင့်(ဂ်)နာဆီယို၊ ဆာဂတ်(ဖ်) တမ်ပရာနို ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စပိန်နိုင်ငံ သံအမတ်ကြီးခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇူလိုင် ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စပိန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာအင့်(ဂ်)နာဆီယို၊ ဆာဂတ်(ဖ်)တမ်ပရာနိုသည် ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ✳

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာဗီလာဆွန်ဒါရာရာဂျမ်ရေရှာဒရီအား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ

အိန္ဒိယနိုင်ငံ သံအမတ်ကြီးခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇူလိုင် ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး ဒေါက်တာဗီလာဆွန်ဒါရာရာဂျမ်ရေရှာဒရီသည် ယနေ့နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဇူလိုင် ၁၅ ရက်)

နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ လေ့ကျင့်ပြုစုပျိုးထောင်

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ရောက်ရှိရန် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာတွင် နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးကိုလည်း အခြားသောကဏ္ဍများနည်းတူ ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၁၀ခုနှစ် စတုတ္ထအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ အမှတ်(၁) နေပြည်တော်အားကစားကွင်း၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက် အားပေးချီးမြှင့်ခဲ့သည်။

ဘောလုံးအားကစားပြိုင်ပွဲကို တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အထောက်အကူဖြစ်စေရန်နှင့် ဝန်ကြီးဌာနအသီးသီးမှဝန်ထမ်းများ အပန်းဖြေမှုအတွက် ကျင်းပခဲ့ခြင်းဖြစ်သကဲ့သို့ ဝန်ထမ်းအချင်းချင်း ပျော်ပျော်ရွှင်ရွှင်၊ စည်းစည်းလုံးလုံး၊ ချစ်ချစ်ခင်ခင်ဖြစ်ရေး၊ ဝန်ထမ်းများ တက်ကြွ ရွှင်လန်းစွာဖြင့် မိမိတာဝန် မိမိ ပိုမိုထမ်းဆောင်နိုင်စေရေးစသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်နေချိန်တွင် ဘောလုံးအားကစားနည်းသည်လည်း တစ်မျိုးသားလုံး စိတ်အဝင်စားဆုံး အားကစားနည်းဖြစ်သည်နှင့်အညီ မြန်မာ့ဘောလုံးအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

လူအများစုပါဝင်ကစားသည့် လူထုဘောလုံးအားကစားမှ အဆင့်မြင့် ကျွမ်းကျင်သူများပါဝင်သည့် ထူးချွန်ဘောလုံးအားကစားအဖြစ် ကူးပြောင်းသွားရန် စီစဉ်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဘောလုံးအားကစားနည်းကို ဝန်ထမ်းများ စိတ်ပါဝင်စားပြီး ကျန်းမာကြံ့ခိုင်ရေး၊ စိတ်ပျော်ရွှင်ရေး၊ အချင်းချင်း ချစ်ခင်ရင်းနှီးစွာဖြင့် လုပ်ငန်းပိုမိုအောင်မြင်ရေးကိုဦးတည်ပြီး ထိုမှတစ်ဆင့် နိုင်ငံတော်က အားထားရသည့် လက်ရွေးစင်အားကစားသမားအဖြစ် ကြိုးစားသွားကြရမည် ဖြစ်သည်။

"အားကစားအောင်မြင်မှုသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို ရောင်ပြန်ဟပ်စေသည်"ဆိုသည့် အားကစားခံယူချက်များထားရှိပြီး မြန်မာ့အားကစား ကမ္ဘာကို လွှမ်းစေရေးအတွက် ကြိုးစားအားထုတ်ပြီး နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများဖြစ်ရန် လေ့ကျင့်ပြုစုပျိုးထောင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ဝန်ကြီး ဦးဉာဏ်ဝင်းအား မော်ရိုကိုနိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

နှစ်နိုင်ငံဆက်ဆံရေး ပိုမိုမြှင့်တင်ရေးကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ ဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၄

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား တာဝန်ပြီးဆုံး၍ မကြာမီ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မော်ရိုကိုနိုင်ငံ သံအမတ်ကြီး မစ္စတာအယ်လ်ဟာဆန်ဇာဟစ်သည် ယမန်နေ့ မွန်းလွဲ ၂နာရီက နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီးနှင့် မော်ရိုကိုနိုင်ငံ သံအမတ်ကြီးတို့သည် မြန်မာနိုင်ငံနှင့် မော်ရိုကိုနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေး ပိုမိုမြှင့်တင်ရေးကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

လာရောက် တွေ့ဆုံ

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မော်ရိုကိုနိုင်ငံ သံအမတ်ကြီး မစ္စတာအယ်လ်ဟာဆန်ဇာဟစ် လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ထူးချွန်ဆုရ မိသားစုဝင်များအား

ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ဂုဏ်ပြု

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းဂုဏ်ဆောင်အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား ဂုဏ်ပြုပွဲ အခမ်းအနားကို ဇူလိုင် ၁၂ရက် မွန်းလွဲပိုင်းက တိုင်းစစ်ဌာနချုပ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စွမ်းရည်(၃)ရပ် ထူးချွန်ဆုရအရာရှိ၊ စစ်သည် မိသားစုဝင်များနှင့် ကျောင်းသား ကျောင်းသူများအတွက် ဆုငွေနှင့် ပညာသင်စရိတ်များ ပေးအပ်သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် တာဝန်ရှိသူတို့က တပ်မတော် (ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိခဲ့ကြသော အားကစားသမားများ၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံ

ရေဒီယိုအစီအစဉ်

(သောကြာနေ့-နံနက်+နေ့လယ်+ည)

၁၆-၇-၂၀၁၀

- ၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
- ၇း၀၅ တရားတော် (ပုဗ္ဗဏှသုတ်) ဓမ္မပူဇာတေးပဒေသာ
- ၇း၂၀ (၃၈)ဖြာမင်္ဂလာ
- ၇း၃၅ နံနက်ခင်းတေးပဒေသာ
- ၈း၀၀ စံတော်ချိန် + သတင်း
- ၈း၁၀ နံနက်ခင်းတေးပဒေသာ
- ၈း၃၀ ပြောပါရစေရှင် (အတ္တနှလုံးသား သစ္စာမြား)
- ၈း၃၅ တေးပဒေသာ
- ၁၀း၀၀ သောတရှင်လိုရာတေး
- ၁၀း၃၀ သတင်းစာအာဘော်
- ၁၀း၄၀ တူယှဉ်သီကြွေးစုံတွဲတေး
- ၁၁း၀၀ နေ့လယ်ခင်းသတင်း
- ၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၁း၃၀ လေလှိုင်းကြားကပွဲတင်သံ
- ၁၁း၄၅ နေ့လယ်ခင်းတေးပဒေသာ
- ၁၂း၀၀ စံတော်ချိန် ဆိုကြပျော်ရွှင်တေးသံစဉ် (Intermediate Level)
- ၁၂း၃၀ အလုပ်အကိုင်အခွင့်အလမ်း (စစ်တက္ကသိုလ်ဗိုလ်လောင်း) နေ့လယ်ခင်းတေးပဒေသာ
- ၁၃း၀၀ မွန်းလွဲပိုင်းသတင်း နေ့လယ်ခင်းတေးပဒေသာ
- ၁၃း၃၀ အစီအစဉ်ပြီး၏။
- ၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆း၃၀ စစ်သည်အတွက် တေးလက်ဆောင်
- ၁၇း၀၀ Music Talk တေးပဒေသာ
- ၁၇း၂၅ သတင်းစာဆောင်းပါး
- ၁၇း၃၀ တေးပဒေသာ
- ၁၈း၀၀ ညနေခင်းသတင်း
- ၁၈း၁၀ လူမှုစာနာပြန်ကြားလွှာ
- ၁၈း၂၀ တေးချစ်သူရွေးသီတေးပန်းချီ
- ၁၈း၄၅ နိုင်ငံရေးဦးတည်ချက် တေးပဒေသာ
- ၁၉း၀၀ နိုင်ငံတကာသတင်း
- ၁၉း၁၀ ညချမ်းချိန်ခါတေးပဒေသာ
- ၁၉း၂၅ ဇာတ်လမ်းပမာနားဆင်စရာ (တစ်သက်မှာတစ်ခါ ချစ်မင်္ဂလာ)
- ၁၉း၄၅ တေးပဒေသာ
- ၂၀း၀၀ ပြည်တွင်းသတင်း
- ၂၀း၂၀ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ဖြူသီ) စီးပွားရေးဦးတည်ချက် တေးပဒေသာ
- ၂၁း၀၀ ဆောင်းပါး (ဆရာကောင်းတပည့်များ ပန်းကောင်းပန်ပါရစေ)
- ၂၁း၀၅ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
- ၂၂း၀၀ အစီအစဉ်ပြီး၏။

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးအတွက် ဗိုလ်ချုပ်ကျေးရွာ နယ်မြေ(၁၄)တွင် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်း၊ ခြင်ဆေးမှုတ်ခြင်း၊ အဘိတ် ဆေးခတ်ခြင်းလုပ်ငန်းများကို အဖွဲ့ကျန်းမာရေးမှူး(၂)ဦးကြည်ဝင်းနှင့် ကျန်းမာရေး ဝန်ထမ်းများပူးပေါင်း၍ ဇူလိုင် ၁ရက်က ကွင်းဆင်းဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း

ဒလမြို့နယ်၌ဖွင့်

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူးဖွင့်လှစ်သည့် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း သင်တန်းဖွင့်ပွဲကို ဇူလိုင် ၈ရက် နံနက် ၈ နာရီက ဒလမြို့နယ် သီရိဇေယျာနော်ရထာ ခန်းမ၌ ကျင်းပသည်။

ပြောကြား

အခမ်းအနားသို့ ရန်ကုန်တိုင်း ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌဦးကိုကို၊ ရန်ကုန်တောင်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးစောနိုင်၊ ဦးစံငွေ၊ အတွင်းရေးမှူး ဒေါ်နီလာညွှန့်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြပြီး ရန်ကုန်တိုင်း ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကိုကိုက သင်တန်းဖွင့် အမှာစကား ပြောကြားသည်။ (ယာပုံ)

ပို့ချ

ဆက်လက်၍ သင်တန်းနည်းပြများက ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းတာဝန်များကို ဆွေးနွေးပို့ချပြီးနောက် မဲရုံ၌ ဆန္ဒမဲပေးမှုကို လက်တွေ့သရုပ်ပြ ပို့ချခဲ့သည်။ သင်တန်းသို့ ဒလမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၄၆ အုပ်စုမှ ကော်မရှင်အဖွဲ့ခွဲဝင် ၄၂၈ ဦး တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စပိန်နိုင်ငံ သံအမတ်ကြီး မစ္စတာ အင့်(ဂ်)နာဆီယို၊ ဆာဂတ်(ဖ်) တမ်ပရာနိုအား နေပြည်တော်ရှိ ဇေယျာသီရိ ဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

ရှေ့ဖုံးမှ

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဇူလိုင် ၁၄ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး ဒေါက်တာဗီလာဆွန်ဒါရာရာဂျမ်ရေရှာဒရီ ၄င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်း-ရှေ့)
(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၅-၇-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အဂ္ဂိဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၅	၆။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၈း၂၀	၇။	အကပဒေသာ
၈း၃၅	၈။	ဝန်းကျင်တစ်ခွင် ကောင်းကျိုးပေး တီစွန့်ပစ်မြေဆွေး (အပိုင်း-၂)
၈း၄၀	၉။	International News
၈း၄၅	၁၀။	တေးဂီတအစီအစဉ်
၈း၅၅	၁၁။	အတီးပြိုင်ပွဲ
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄း၁၀	၂။	တေးဂီတအစီအစဉ်
၄း၂၀	၃။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၄း၃၀	၄။	နားဝင်ပီယံ သူ့လက်သံ
၄း၄၀	၅။	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၄း၅၀	၆။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅း၀၅	၇။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၅	၈။	တေးဂီတအစီအစဉ်
၅း၂၅	၉။	လေ့ကားသုံးထစ်ဆင်းတဲ့အခါ
၅း၄၀	၁၀။	ဂီတသံစဉ်အလှဆင်
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၁၅	၁၂။	မိုးလေဝသအခြေအနေ
၆း၂၀	၁၃။	ပျော်ရွှင်စေသောနေ့ရက်များ **အချစ်ကော်ဖီ** (အပိုင်း-၁၄) ငြိမ်းချမ်း၊ သူရလင်း၊ စုပုံချစ် (ဒါရိုက်တာ-အောင်ကျော်သူရ)
၆း၃၅	၁၄။	ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
၇း၀၀	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသောချစ်နှင်းဆီ** (ဒုတိယတွဲ) (အပိုင်း-၁၆)
၈း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	ဘဝကိုယ်စီအလှကိုယ်စီ ဝင်းဝင်းအောင်(မြို့မ)၊ တေးရေး-ကိုရွှန်းမြိုင်(မြို့မ) သရုပ်ဆောင်-ပပဝင်းခင်
	၂၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နယ်နိမိတ်** (ပထမပိုင်း) (အပိုင်း-၃)
	၂၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၆၀)
	၂၂။	အစီအစဉ်ပြီး၏။

ရောဝတီတိုင်း မိုးစပါး စိုက်ပျိုးပြီးစီးမှု

ရန်ကုန် ဇူလိုင် ၁၄

ဧရာဝတီတိုင်းတွင် ဇူလိုင် ၁၂ရက်အထိ မိုးစပါး ၂၀၄၉၅၅၉ ဧက စိုက်ပျိုးပြီးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေး အမှတ်(၁) ဓာတ်မြေသြဇာစက်ရုံ(စလေ)တွင် ထုတ်ပေးရန် အသင့်စုပုံထားသော ဓာတ်မြေသြဇာအိတ်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးသန်းဌေး ရေနံဓာတ်ငွေ့ရည်ထုတ်လုပ်မှုစစ်ဆေး
ကုန်ထုတ်လုပ်မှုပြည့်ဝအောင် ဆောင်ရွက်ရေးမှာကြား

နေပြည်တော် ဇူလိုင် ၁၄

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေးသည် ဇူလိုင် ၁၀ရက် နံနက်ပိုင်းတွင် ပခုက္ကူမြို့နယ်ရှိ အမှတ်(၂)ဓာတ်မြေသြဇာစက်ရုံ(ကျွန်းချောင်း)သို့ ရောက်ရှိရာ စက်ရုံမှူးနှင့် တာဝန်ရှိသူများက စက်ပစ္စည်းများ ပြင်ဆင်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြသကြသည်။

အလေးထား

ထို့နောက် ဒုတိယဝန်ကြီးသည် စက်ရုံမှူးနှင့် အရာထမ်းများအား တွေ့ဆုံ၍ ကုန်ထုတ်လုပ်မှု ရည်မှန်းချက်များ ပြည့်ဝအောင် ဝိုင်းဝန်းဆောင်ရွက်ရေး၊ ဝန်ထမ်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ အလေးထားလိုက်နာရေးတို့ကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ အရာတော် သဘာဝဓာတ်ငွေ့ဖိအားမြင့်စက်ရုံ၌ သဘာဝဓာတ်ငွေ့ ဖြန့်ခွဲပို့လွှတ်မှုများကိုလည်းကောင်း၊ ရေနံဓာတ်ငွေ့ရည်စက်ရုံ (ကျွန်းချောင်း)၌ ရေနံဓာတ်ငွေ့ရည်ထုတ်လုပ်ဖြန့်ဖြူးနေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ကျွန်းချောင်းသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး စက်ရုံမှူးနှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍ စွမ်းအင်ဝန်ကြီးဌာနမှ သဘာဝဓာတ်ငွေ့ ဖြန့်ဖြူးပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးကာ စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ဇူလိုင် ၁၁ရက် နံနက်ပိုင်းတွင် အမှတ်(၁) ဓာတ်မြေသြဇာစက်ရုံ(စလေ)သို့ ရောက်ရှိကာ ဓာတ်မြေသြဇာထုတ်လုပ်နေမှု၊ အိတ်သွပ်ထုပ်ပိုးနေမှုနှင့် ထုတ်ပေးရန် အသင့်စုပုံထားသော ဓာတ်မြေသြဇာအိတ်များကို ကြည့်ရှုစစ်ဆေးပြီး လေလွင့်ပျက်စီးမှုမဖြစ်စေရေး၊ အရည်အသွေးပျက်ယွင်းမှု မဖြစ်စေရေးတို့ကို မှာကြားသည်။

ရှင်းလင်းဆွေးနွေး

ဒုတိယဝန်ကြီးသည် ဇူလိုင် ၁၂ရက် နံနက်ပိုင်းတွင် ရွှေတောင်မြို့ရှိ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသို့လည်းကောင်း၊ မွန်းလွဲပိုင်းတွင် မြန်အောင်မြို့ရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသို့လည်းကောင်း ရောက်ရှိ၍ စက်ရုံမှူးနှင့် တာဝန်ရှိသူများအား တွေ့ဆုံကာ သဘာဝဓာတ်ငွေ့ တိုးမြှင့်ဖြည့်ဆည်းပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ကြံခင်းမြို့နယ်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ ကြံခင်း ဘိလပ်မြေစက်ရုံသို့ရောက်ရှိရာ စက်ရုံမှူးနှင့် တာဝန်ရှိသူများက သဘာဝဓာတ်ငွေ့ လက်ခံရရှိမှု၊ စက်လည်ပတ်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက သဘာဝဓာတ်ငွေ့ တိုးမြှင့်ဖြည့်ဆည်းပေးနိုင်မည့် အခြေအနေများကို ဆွေးနွေးမှာကြားကာ စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ဒုတိယဝန်ကြီးသည် ဇူလိုင် ၁၃ရက် နံနက်ပိုင်းတွင် မကွေးတိုင်း အောင်လံမြို့နယ်ရှိ အမှတ်(၃) ဓာတ်မြေသြဇာစက်ရုံ (ကျော်စွာ)သို့ ရောက်ရှိပြီး စက်ရုံမှူးနှင့် အရာထမ်းများအားတွေ့ဆုံကာ ကုန်ထုတ်လုပ်မှု တိုးမြှင့်ရေး၊ ကုန်ပစ္စည်းအရည်အသွေး ကောင်းမွန်ရေး ဆောင်ရွက်ရန်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

မျိုးဆက်သစ်တို့ လက်ဆင့်ကမ်း သယ်ဆောင်သွားကြရမည့် မြန်မာ့စွမ်းအင် သဘာဝသယံဇာတ အရင်းအမြစ်များ

သတင်းဆောင်းပါး ➤ တင်ထွေး (သတင်းစဉ်)
စာမျက်နှာဖွဲ့စည်းမှု ➤ လှဲ့လှဲ့ဝင်း (မြန်မာ့အလင်း)

နိုင်ငံတစ်နိုင်ငံတွင် စီးပွားရေး၊ လူမှုရေးအဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စွမ်းအင်လိုအပ်ချက်သည်လည်း မြင့်မားလာမည်သာဖြစ်ပေသည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စီးပွားရေးဦးမော့လာစေရန် ဆောင်ရွက်မှုများကြောင့် စွမ်းအင်သည် မရှိမဖြစ်သော ပစ္စည်းတစ်ခု ဖြစ်လာသည်။ မြန်မာနိုင်ငံတွင်လည်း တည်ဆောက်ရေးလုပ်ငန်းများ၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်လာသဖြင့် စွမ်းအင်လိုအပ်ချက်များ မြင့်မားလျက်ရှိသည်။

အလျှံပယ်ကြွယ်ဝ

မြန်မာနိုင်ငံသည် မြေပေါ်သယံဇာတများဖြစ်သော သစ်တောများနှင့် မြေဆီမြေနှစ် ကောင်းမွန်သည့် လယ်ယာမြေများ ပိုင်ဆိုင်ထားသကဲ့သို့ မြေအောက်သယံဇာတများဖြစ်သော တွင်းထွက်ကျောက်မျက်ရတနာ၊ သတ္တုအမျိုးမျိုး၊ ရေနံနှင့်သဘာဝဓာတ်ငွေ့များ၊ ရေအောက်သယံဇာတများဖြစ်သော ပိုင်နက်ပင်လယ်ပြင်နှင့် ငါး၊ ပုစွန်၊ ရေနံ၊ ဓာတ်ငွေ့ စသည်များကို ပိုင်ဆိုင်ထားသည့် မြေပေါ်၊ မြေအောက်နှင့် ရေအောက်သယံဇာတများ အလျှံပယ်ကြွယ်ဝသည့် နိုင်ငံဖြစ်ပေသည်။

ထုတ်ယူသုံးစွဲ

မြန်မာနိုင်ငံကို နှစ်ပေါင်း (၁၀၀)ကျော် ကျွန်ပြု အုပ်ချုပ်ခဲ့ကြသော ကိုလိုနီနယ်ချဲ့ အရင်းရှင်တို့သည် မြန်မာနိုင်ငံ၏ မြေပေါ်မြေအောက် သယံဇာတများကို အာသာငမ်းငမ်း ဖြစ်ခဲ့ကြသည့်အတွက် အကြောင်းအမျိုးမျိုးပြ၍ စစ်ခင်းကျူးကျော်သိမ်းပိုက်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများကို တစ်စတစ်စသိမ်းပိုက်ခဲ့ရာမှ တစ်နိုင်ငံလုံးကို သိမ်းပိုက်ခဲ့ပြီးနောက်တွင် ၎င်းတို့၏ အကျိုးစီးပွားအလို့ငှာ မြေပေါ်မြေအောက်သယံဇာတများကို ထင်တိုင်းကြဲ၍ ထုတ်ယူသုံးစွဲခဲ့ကြသည်။



လှိုင်မြစ်မှ ပင်မဓာတ်ငွေ့ ဖြန့်ဖြူးရေးစခန်းသို့ ဆက်သွယ်မည့် ၂၄လက်မပိုက်လိုင်း ပိုက်ဆက်လုပ်ငန်းကို ဤသို့ ဆောင်ရွက်ခဲ့ကြသည်။

ဆင်းရဲတွင်းနက်

ကိုလိုနီနယ်ချဲ့တို့ အုပ်စိုးခဲ့စဉ်ကာလတစ်လျှောက်တွင် မြန်မာပြည်သူတို့၏ဘဝသည် "ဖွတ်ကျောပြာစု ခရုဆံကျွတ်" ဘဝမျိုးဖြင့် ဆင်းရဲတွင်းနက်ခဲ့ကြသည်။ ကိုလိုနီနယ်ချဲ့အစိုးရသည် မြန်မာနိုင်ငံ၏ မြေပေါ်မြေအောက်သယံဇာတများကို ထုတ်ယူသုံးစွဲရာမှရရှိသော အကျိုးအမြတ်များကို မြန်မာပြည်သူတို့၏ လူမှုစီးပွားဘဝ တိုးတက်ရာ တိုးတက်ကြောင်း ကိစ္စရပ်များ၌ သုံးစွဲခြင်းမပြုခဲ့ကြချေ။ လွတ်လပ်ရေးရရှိပြီးကာလများတွင်လည်း တိုင်းပြည်တည်ငြိမ်အေးချမ်းမှုမရှိခဲ့၍ သယံဇာတများကို တန်ဖိုးရှိစွာ ထုတ်ယူသုံးစွဲနိုင်ခြင်းမရှိဘဲ အဟောသိကံဖြစ်ခဲ့ရသည်။

မြန်မာနိုင်ငံတွင် မြေအောက်သယံဇာတဖြစ်သော ရေနံကို ရှေးမြန်မာမင်းများ လက်ထက် (၁၀)ရာစုနှစ်ပိုင်းမှစတင်၍ အသုံးပြုခဲ့သည်။ မြန်မာနိုင်ငံ အလယ်ပိုင်း ရေနံချောင်းဒေသတွင် ရေနံကို စတင်တွေ့ရှိခဲ့ပြီး ထုတ်လုပ်သုံးစွဲနိုင်ခဲ့သည်။ ၁၈၈၆ခုနှစ်တွင် Burmah Oil Company (BOC) ကို ဖွဲ့စည်းတည်ထောင်၍ ခေတ်သစ်ရေနံလုပ်ငန်းကဏ္ဍသစ်ကို ဖွင့်လှစ်နိုင်ခဲ့ရာ ဒုတိယ ကမ္ဘာစစ်ကြီးအပြီး ၁၉၄၂ခုနှစ်အထိ နိုင်ငံခြားရေနံကုမ္ပဏီပေါင်း (၃၇)ခုတို့က လုပ်ကိုင်ခဲ့ကြသည်။

ကြိုးပမ်းဆောင်ရွက်

ဘီအိုစီကုမ္ပဏီလက်ထက် ၁၉၃၈ခုနှစ်တွင် ရေနံစိမ်းထုတ်လုပ်မှုမှာ တစ်နေ့လျှင် ရေနံစိမ်း စည် ၂၃၄၀၀အထိ အမြင့်ဆုံးထွက်ရှိခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ဘီအိုစီကုမ္ပဏီကို ပြည်သူပိုင်သိမ်းယူခဲ့ပြီးနောက် မြန်မာအစိုးရ၏ ရေနံကုမ္ပဏီဖြစ်သော ပြည်သူ့ရေနံလုပ်ငန်းက တိုင်းရင်းသား အသိပညာရှင်၊ အတတ်ပညာရှင်များဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ မန်း၊ ပြည်၊ မြန်အောင်၊ ရွှေပြည်သာဟူသော ရေနံမြေအသစ်များကို ရှာဖွေတွေ့ရှိခဲ့သည်။

၁၉၇၁ခုနှစ်မှ ၁၉၈၅ခုနှစ်အတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့ မြေအသစ်များဖြစ်သော ကုန်းတွင်းပိုင်းဒေသ၌ လက်ပံတို၊ ပက်ပယ်၊ မင်းတဲကြီး၊ ထောက်ရှာပင်၊ ထန်းတပင်၊ တက်မနှင့် ကမ်းနီရေနံမြေတို့ကို ထပ်မံရှာဖွေတွေ့ရှိခဲ့သည်။ ၁၉၈၄-၈၅ခုနှစ်တွင် တစ်နေ့လျှင် ရေနံစိမ်း စည် ၃၀၆၈၃ အထိ တိုးမြှင့် ထုတ်လုပ်နိုင်ခဲ့သည်။



ရခိုင်ကမ်းလွန်ဒေသရှိ လုပ်ကွက်အမှတ် A-1 ရွှေအစမ်းတွင်းကို ဝေဟင်မှ ဤသို့ တွေ့ရသည်။

တိုးချဲ့ရှာဖွေ

၁၉၈၈ခုနှစ် နောက်ပိုင်းတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အမည်ဖြင့် ပြောင်းလဲဖွဲ့စည်းကာ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ခြင်းတို့ကို ကိုယ်ပိုင်အရင်းအနှီး၊ ကိုယ်ပိုင် နည်းပညာတို့ဖြင့် တိုးချဲ့ရှာဖွေတူးဖော်ထုတ်လုပ်ခဲ့သည်။ နိုင်ငံတော်အစိုးရ၏ မှန်ကန်သော မူဝါဒနှင့် လက်တွေ့နယ်ပယ်တွင် နေ့မအား ညမနား ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ၁၉၈၈ခုနှစ် နောက်ပိုင်းမှစ၍ စွမ်းအင်နယ်ပယ်တွင် အခန်းကဏ္ဍသစ် ဖွင့်လှစ်နိုင်ခဲ့သည်။

တိုးမြှင့်ထုတ်လုပ်

၁၉၈၈ခုနှစ်နောက်ပိုင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်မှုကဏ္ဍ၌ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံ၏ ကုန်းတွင်းပိုင်းဒေသနှင့် ကမ်းလွန်ဒေသတို့တွင် ထုတ်လုပ်ဆဲရေနံနှင့် သဘာဝဓာတ်ငွေ့မြေများမှ ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ ပမာဏများကို တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့သည်။

ရှာဖွေပေးနိုင်

ထို့အပြင် ကုန်းတွင်းပိုင်း ရေနံနှင့် သဘာဝဓာတ်ငွေ့မြေများအဖြစ် ကျောက်ခွက်၊ အဖျောက်၊ ညောင်တုန်း၊ သာကြီးတောင်/စပယ်၊ အင်းတော်၊ ထန်းကိုင်းနှင့် မအူပင်တို့ကိုလည်းကောင်း၊ ကမ်းလွန်ပင်လယ်ပြင် သဘာဝဓာတ်ငွေ့မြေများအဖြစ် ရတနာ(မုတ္တမကမ်းလွန်ဒေသ)နှင့် ရဲတံခွန်(တနင်္သာရီကမ်းလွန်ဒေသ)၊ စိန်(မုတ္တမကမ်းလွန်ဒေသ)၊ ရွှေ(ရခိုင်ကမ်းလွန်ဒေသ)နှင့် ဇောတိက(မုတ္တမကမ်းလွန်ဒေသ)တို့ကိုလည်းကောင်း ရှာဖွေပေးနိုင်ခဲ့သည်။

စာမျက်နှာ ၅ ကော်လံ ၁

တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားစေရန် စွမ်းအင်ကဏ္ဍမှ ဖြည့်ဆည်းပေးလျက်ရှိရာ မုတ္တမကမ်းလွန်ဒေသရှိ ရဲတံခွန် သဘာဝဓာတ်ငွေ့နှင့် ရေနံတူးစင်ကို ဤသို့ တွေ့ရသည်။

15-7 (04).pmd 1 7/15/2010, 2:26 AM

ရတနာသဘာဝဓာတ်ငွေ့မြေ



မုတ္တမကမ်းလွန်ပင်လယ်ပြင် ရတနာဓာတ်ငွေ့မြေမှ သဘာဝဓာတ်ငွေ့ကို ၂၄လက်မ ရတနာ-ရန်ကုန် ကမ်းလွန်ပိုက်လိုင်းသစ်အတွင်းသို့ ဇွန် ၈ရက်က စတင်ပို့လွှတ်ပေးခဲ့သည်။

စာမျက်နှာ ၄ မှ

၁၉၈၈ခုနှစ် မတိုင်မီက ကုန်းတွင်းပိုင်း၌ ရေနံနှင့်သဘာဝဓာတ်ငွေ့မြေ ၁၉ခု ရှိခဲ့ပြီး ၁၉၈၈ခုနှစ် နောက်ပိုင်းတွင် ကုန်းတွင်းပိုင်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေ ၃၁ခုအထိ တိုးမြှင့်ရှာဖွေ ထုတ်လုပ်နိုင်ခဲ့သည်။ ၁၉၈၈ခုနှစ် မတိုင်မီက ကမ်းလွန်သဘာဝဓာတ်ငွေ့မြေ အနေဖြင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်နိုင်ခြင်းမရှိခဲ့ဘဲ ၁၉၈၈ခုနှစ် နောက်ပိုင်းမှသာ ကမ်းလွန်သဘာဝဓာတ်ငွေ့မြေ ငါးခု ရှာဖွေထုတ်လုပ်နိုင်ခဲ့သည်။

ထပ်မံတွေ့ရှိ

မြန်မာနိုင်ငံ၏ ဘူမိအနေအထားများအရ ကုန်းတွင်းပိုင်းဒေသ၌ အနည်ကျ ဘူမိချိုင့်ဝှမ်း ၁၄ခု ရှိသည့်အနက် ဘူမိချိုင့်ဝှမ်း သုံးခုဖြစ်သော မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ၊ ပြည်ဒေသနှင့် မြစ်ဝကျွန်းပေါ်ဒေသတို့၌သာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် နှံ့နှံ့စပ်စပ် လေ့လာရှာဖွေမှုများ ဆောင်ရွက်နိုင်သေးသည့်အတွက် မြန်မာနိုင်ငံ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ ထပ်မံတွေ့ရှိရန် အလားအလာကောင်းမွန်စွာ ကျန်ရှိနေကြောင်းတွေ့ရှိရသည်။

၁၉၈၈ခုနှစ် နောက်ပိုင်းတွင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသည် နိုင်ငံခြားကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်မှုအပိုင်းတွင် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး အခြေခံမှုဖြင့် ၂၀၁၀ခုနှစ် မတ်လအထိ ကုန်းတွင်းပိုင်းဒေသတွင် စာချုပ်ပေါင်း ၄၆ခုကို လက်မှတ်ရေးထိုးခဲ့သည်။ ယင်းစာချုပ်များအနက်မှ ကုန်းတွင်းပိုင်းဒေသလုပ်ကွက် ၁၁ခုတွင် စာချုပ် ၁၁ခုနှင့် ကမ်းလွန်လုပ်ကွက် ၃၁ခုတွင် စာချုပ် ၃၀တို့မှာ ဆက်လက်တည်မြဲကာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ပြည်ပသို့တင်ပို့

မြန်မာနိုင်ငံသည် ၁၉၉၈ခုနှစ်တွင် ပြည်ပသို့ သဘာဝဓာတ်ငွေ့ တင်ပို့ရောင်းချသည့် နိုင်ငံဖြစ်လာခဲ့ပြီး ၂၀၀၀ပြည့်နှစ်မှစတင်၍ အာရှ-ပစိဖိတ်ဒေသတွင် ပိုက်လိုင်းဖြင့် သဘာဝဓာတ်ငွေ့ကို ပြည်ပသို့တင်ပို့သည့် ထိပ်တန်းနိုင်ငံအဖြစ် ရပ်တည်လာခဲ့သည်။ ၂၀၀၈ခုနှစ်၌ ကမ္ဘာ့ပေါ်တွင် ပိုက်လိုင်းဖြင့် သဘာဝဓာတ်ငွေ့ တင်ပို့ရောင်းချသည့် နိုင်ငံများအနက် အဆင့်၁၃သို့ ရောက်ရှိခဲ့သည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသည် နိုင်ငံတကာ ရေနံကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်ခဲ့သဖြင့် ကမ်းလွန်ပင်လယ်ပြင်တွင် နိုင်ငံတော်၏ဂုဏ်ကို ထွန်းပြောင်စေသော ရတနာနှင့် ရဲတံခွန်သဘာဝဓာတ်ငွေ့မြေများကို ရှာဖွေတွေ့ရှိပြီး သဘာဝဓာတ်ငွေ့များကို တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့သည်။

ရတနာသဘာဝဓာတ်ငွေ့စီမံကိန်းမှ သဘာဝဓာတ်ငွေ့ပမာဏ ၅ဒသမ၇ ထရီလီယံ ကုဗပေ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ယင်းလုပ်ကွက်အတွင်း၌ ထပ်မံတွေ့ရှိလာသော စိန်ဓာတ်ငွေ့မြေနှင့် ပတ္တမြားလုပ်ကွက်တို့၏ ပမာဏကိုပါ ထည့်ပေါင်းပါက စုစုပေါင်း ၆ ဒသမ ၅ ထရီလီယံ ကုဗပေ ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ပို့လွှတ်ရောင်းချ

ရတနာသဘာဝဓာတ်ငွေ့ စီမံကိန်းအတွက် ထုတ်လုပ်မှုအပိုင်းတွင် အမေရိကန်ဒေါ်လာ ၅၀၈သန်းနှင့် ပို့လွှတ်ရေးအပိုင်းတွင် အရှည် ၂၅၅မိုင်ရှိ ပိုက်လိုင်းအပါအဝင် အမေရိကန်ဒေါ်လာ ၅၈၇သန်းခန့် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၀၉၅သန်းခန့် ရင်းနှီးမြှုပ်နှံခဲ့သည်။ ၁၉၉၈ခုနှစ် ဇူလိုင်လမှစတင်၍ ထိုင်းနိုင်ငံသို့ တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ ကုဗပေ ၅၂၅သန်း ပို့လွှတ်ရောင်းချခဲ့ပြီး ဖြစ်သည်။ ယခုအခါ 'စိန်'ဘူမိအနေအထားမှ သဘာဝဓာတ်ငွေ့များပါရောနှောကာ တစ်နေ့လျှင် ကုဗပေသန်း ၇၀၀ခန့် တင်ပို့ရောင်းချလျက်ရှိပြီး စာချုပ်ပါအရ အနှစ် ၃၀ ပို့လွှတ်ရောင်းချရမည် ဖြစ်သည်။

မုတ္တမကမ်းလွန်ရှိ ရတနာသဘာဝဓာတ်ငွေ့မြေမြင်ကွင်း။

မုတ္တမကမ်းလွန်ဒေသ ရေနံရှာဖွေရေးလုပ်ကွက် အမှတ် M-10 ရှိ ရွှေပြည်သစ်အစမ်းတွင်းအမှတ်(၁)ကို ဤသို့ တွေ့ရသည်။

ပေးပို့ဖြန့်ဖြူး

ရတနာသဘာဝဓာတ်ငွေ့မြေမှ ပြည်တွင်းသုံးစွဲရန်အတွက် တစ်နေ့လျှင် ကုဗပေသန်း ၁၁၀ခန့်ကို ကန်ဘောက်-မြိုင်ကလေး-စစ်တောင်း-ရန်ကုန် လက်မ ၂၀ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းဖြင့်ရယူ၍ တန် ၄၀၀၀ကျ မြိုင်ကလေးဘိလပ်မြေစက်ရုံ၊ သထုံဘိလပ်မြေစက်ရုံ၊ သထုံသဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံအသစ်နှင့်အဟောင်း၊ မော်လမြိုင် (ငန်းတေး) လျှပ်စစ်ဓာတ်အားပေး စက်ရုံတို့သို့လည်းကောင်း၊ စစ်တောင်းဒေသမှတစ်ဆင့် ရန်ကုန်ဒေသအထိ တိုးချဲ့ပေးပို့၍ စစ်တောင်းဒေသအတွင်းရှိ စက်ရုံများနှင့် ရန်ကုန်ဒေသရှိ သာကေတ၊ လှော်ကား၊ ရွာမ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံများသို့လည်းကောင်း သဘာဝဓာတ်ငွေ့များ တိုးချဲ့ပေးပို့ဖြန့်ဖြူးလျက်ရှိသည်။

ရဲတံခွန်သဘာဝဓာတ်ငွေ့ စီမံကိန်းကို ၁၉၉၂ခုနှစ် နိုဝင်ဘာလတွင် စတင်တွေ့ရှိခဲ့ပြီး ထုတ်ယူနိုင်မည့် သဘာဝဓာတ်ငွေ့ပမာဏမှာ ၃ဒသမ၁၆၇ ထရီလီယံ ကုဗပေနှင့် ရေနံစိမ်း အပေါ့စား (Condensate) စည်သန်းပေါင်း ၈၄ ဒသမ ၃၆ရှိသည်။ ရဲတံခွန်သဘာဝဓာတ်ငွေ့ စီမံကိန်းအတွက် ထုတ်လုပ်မှုအပိုင်းတွင် အမေရိကန်ဒေါ်လာ သန်း ၃၃၀ခန့်နှင့် ပို့လွှတ်ရေးအပိုင်းတွင် ၁၆၈မိုင် ရှည်လျားသော ၂၄လက်မ ပိုက်လိုင်းအပါအဝင် အမေရိကန်ဒေါ်လာ ၃၁၂သန်းခန့် စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၄၂သန်းခန့် ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ခဲ့သည်။ ၂၀၀၀ပြည့်နှစ် ဧပြီလမှစတင်၍ ထိုင်းနိုင်ငံသို့ တစ်နေ့လျှင် ကုဗပေသန်း၂၀၀ ပို့လွှတ်ရောင်းချနိုင်ခဲ့ပြီး ယခုအခါ ကုဗပေသန်း ၄၀၀ ခန့်အထိ တိုးမြှင့်ပေးလျက်ရှိသည်။ ရဲတံခွန် သဘာဝဓာတ်ငွေ့စီမံကိန်းမှ ဓာတ်ငွေ့နှင့်အတူ တစ်နေ့လျှင် ရေနံစိမ်း အပေါ့စားအမေရိကန်စည် ၁၂၀၀၀ခန့် ထွက်ရှိသည်။

ဖြည့်ဆည်းပေးနိုင်

ရတနာနှင့် ရဲတံခွန်သဘာဝဓာတ်ငွေ့ စီမံကိန်းများမှ ထွက်ရှိသော ကမ်းလွန်သဘာဝဓာတ်ငွေ့များကို ထိုင်းနိုင်ငံသို့ ပိုက်လိုင်းသွယ်တန်း၍ နေ့စဉ် ကုဗပေ ၁ ဘီလီယံကျော် ရောင်းချနိုင်ခဲ့သည်။ တိုးတက်များပြားလာသော ပြည်တွင်းသုံး သဘာဝဓာတ်ငွေ့လိုအပ်ချက်ကို တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရန်အတွက် မုတ္တမကမ်းလွန်ရှိ ရတနာသဘာဝဓာတ်ငွေ့မြေမှ ရန်ကုန်မြို့ရှိ ကမ်းလွန်သဘာဝဓာတ်ငွေ့ ထိန်းချုပ်တိုင်းတာ ဖြန့်ဖြူးရေးစခန်း(ရွာမ)အထိ ၂၄လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းပြီး ဇွန် ၁၂ရက်မှစတင်၍ ပြည်တွင်းသုံးအတွက် သဘာဝဓာတ်ငွေ့များကို ဖြန့်ဖြူးပေးလျက်ရှိသည်။ ယင်းသို့ ဖြန့်ဖြူးပေးနိုင်ခြင်းကြောင့် စာမျက်နှာ ၆ ကော်လံ ၁

စာမျက်နှာ ၅ မှ

သဘာဝဓာတ်ငွေ့သုံး ဓာတ်အားစက်ရုံများမှ လျှပ်စစ်ဓာတ်အားတိုးမြှင့်ထုတ်လုပ်ပြီး ရန်ကုန်မြို့ရှိ ပြည်သူများအတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်ပြီဖြစ်သည်။

ပြည့်လျှမ်းလျက်

မုတ္တမကမ်းလွန်ဒေသ(ရေနက်ပိုင်း)၌ ထပ်မံရှာဖွေတွေ့ရှိခဲ့သော တနင်္သာရီတိုင်း ထားဝယ်မြို့ အနောက်ဘက်ရှိ လုပ်ကွက်အမှတ် MD-4၊ ပုလောမြို့ အနောက်ဘက်ရှိ လုပ်ကွက်အမှတ် MD-5၊ မြိတ်မြို့အနောက်ဘက်ရှိ လုပ်ကွက်အမှတ် MD-6 တို့တွင်လည်း ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်လျက်ရှိရာ နိုင်ငံ၏အနာဂတ်အတွက် အလားအလာကောင်းများ ပြည့်လျှမ်းလျက်ရှိနေသည်မှာ အမှန်ပင်ဖြစ်သည်။

အလားအလာကောင်းများတွေ့ရှိ

မုတ္တမကမ်းလွန်ဒေသ၌ ရတနာသဘာဝဓာတ်ငွေ့ စီမံကိန်းနှင့် ရဲတံခွန်သဘာဝဓာတ်ငွေ့စီမံကိန်းများကို တွေ့ရှိပြီး ပြည်ပသို့ ပိုက်လိုင်းသွယ်တန်း၍ ရောင်းချနိုင်သကဲ့သို့ ယခုအခါ မုတ္တမကမ်းလွန်ဒေသရှိ ဇောတိကသဘာဝဓာတ်ငွေ့ စီမံကိန်း၌လည်း အလားအလာကောင်းများ တွေ့ရှိနေရပြီဖြစ်သည်။ ဇောတိကသဘာဝဓာတ်ငွေ့စီမံကိန်း တစ်ခုလုံး၏ ခန့်မှန်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၂၉၄၅သန်းခန့် ကုန်ကျမည်ဖြစ်သည်။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် ဇောတိကစီမံကိန်းတစ်ခုလုံးတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၄၄၂သန်းခန့် ပါဝင်မည်ဖြစ်သည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ရေနံတူးဖော်ခြင်းလုပ်ငန်းများတွင် တိုးချဲ့ရှာဖွေနိုင်သကဲ့သို့ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ တိုးတက်မှုနှင့်အညီ ယှဉ်တွဲ၍ တိုးတက်များပြားလာသော စက်ရုံများ၏ သဘာဝဓာတ်ငွေ့

ရန်ကုန်တိုင်း အင်းစိန်မြို့နယ်ရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက ဆောင်ရွက်သော ကမ်းလွန် ၂၄လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းရေးစီမံကိန်း၏ သဘာဝဓာတ်ငွေ့ ထိန်းချုပ်တိုင်းတာဖြန့်ဖြူးရေးစခန်း(ရွာမ)ကို ဤသို့ တွေ့ရသည်။

စွမ်းအင်ဝန် ကြီး ဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ် ငန်း က ဆောင် ရွက် ခဲ့သော တိုး မြစ်ဖြတ် သဘာဝ ဓာတ် ငွေ့ ပိုက်လိုင်း သွယ်တန်းမှု တစ်စိတ်တစ်ဒေသ ဖြစ်သည့် ဒေးဒရဲ-ဖျာပုံ အပိုင်း၌ ၂၄လက်မ သဘာဝ ဓာတ်ငွေ့ ပိုက်လိုင်း ဂ ဟေ ဆော်သွယ်တန်းမှုကို လုပ် ငန်း ဆောင်ရွက်စဉ် ကာ လ က ဤသို့ တွေ့ရသည်။

လိုအပ်ချက်များကိုလည်းကောင်း၊ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားကဏ္ဍ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် လည်းကောင်း၊ သဘာဝဓာတ်ငွေ့နှင့်စွမ်းအင်လိုအပ်ချက်ကို သဘာဝဓာတ်ငွေ့မြေများ တစ်ခုနှင့်တစ်ခု လိုအပ်သလို မျှဝေသုံးစွဲနိုင်စေရန်အတွက် လည်းကောင်း ရည်ရွယ်၍ စွမ်းအင် အခြေခံ အဆောက်အအုံဖြစ်သည့် ကုန်းတွင်းသဘာဝဓာတ်ငွေ့ပိုက်လိုင်း ကွန်ရက်စနစ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ရေနံနှင့်သဘာဝဓာတ်ငွေ့များတွေ့ရှိပြီး ပိုက်လိုင်းဖြင့် တင်ပို့ရောင်းချခြင်းဖြင့် အချိန်တိုကာလအတွင်း နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ ရရှိစေသကဲ့သို့ ပြည်တွင်းလိုအပ်ချက်အတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့များကိုလည်း ပံ့ပိုးဖြည့်ဆည်းပေးနိုင်ခဲ့သည်။

ထုတ်လုပ်သွားနိုင်

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတော်၏ တိုးမြှင့်လာသော ယူရီးယားဓာတ်မြေဩဇာလိုအပ်ချက်ကို ထပ်မံဖြည့်ဆည်းပေးရေးအတွက် တစ်နေ့လျှင်မက်ထရစ်တန် ၅၀၀ထုတ်လုပ်သွားနိုင်မည့် ယူရီးယားဓာတ်မြေဩဇာစက်ရုံ နှစ်ရုံကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ်မြောင်းတကာနှင့် ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ်တို့တွင် အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည်။

ကမ်းလွန်ရတနာသဘာဝဓာတ်ငွေ့ကို အသုံးပြု၍ ခေတ်မီနည်းပညာဖြင့် တစ်နေ့လျှင် တန်၄၀၀ထုတ်လုပ်သွားနိုင်မည့် ယူရီးယားဓာတ်မြေဩဇာ စက်ရုံတစ်ရုံကိုလည်း မွန်ပြည်နယ် သထုံမြို့နယ်တွင် တည်ဆောက်သွားရန် စီစဉ်လျက်ရှိသည်။ ၁၉၈၈ခုနှစ် မတိုင်မီက ယူရီးယား ဓာတ်မြေဩဇာစက်ရုံများဖြစ်သော စလေ ဓာတ်မြေဩဇာစက်ရုံ၊ ကျွန်းချောင်း ဓာတ်မြေဩဇာစက်ရုံနှင့် ကျော်စွာဓာတ်မြေဩဇာ စက်ရုံများသာရှိခဲ့ရာ မကြာမီကာလတွင် ဓာတ်မြေဩဇာစက်ရုံ ခြောက်ရုံအထိ တိုးတက်လာတော့မည်ဖြစ်သည်။

လက်ညှိုးထိုးမလွဲ

နိုင်ငံတော်အစိုးရသည် စွမ်းအင်သယံဇာတများကို တိုးတက်ရှာဖွေဖော်ထုတ်၍ ရရှိလာသော ငွေကြေးအရင်းအနှီးများဖြင့် နိုင်ငံတော်၏အခြေခံ အဆောက်အအုံ (Infra-Structure) များကို တိုးချဲ့တည်ဆောက်ပေးလျက်ရှိရာ နိုင်ငံတစ်ဝန်းလုံး၌ လက်ညှိုးထိုးမလွဲပင်ဖြစ်သည်။ ထို့အပြင် ပြည်သူများ၏ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍများတွင်လည်း ငွေကြေးအကုန်အကျများစွာဖြင့် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်မှာ နိုင်ငံတော်၏ မွန်မြတ်သော စေတနာ ပြယုဂ်များပင် ဖြစ်ပေသည်။

နိုင်ငံတကာနှင့်ရင်ပေါင်တန်း

နိုင်ငံတော်အစိုးရအနေဖြင့် နောက်အနာဂတ်ကာလတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် ကဏ္ဍစုံ၊ နယ်ပယ်စုံ၌ မှန်ကန်သော မူဝါဒများချမှတ်၍ မွန်မြတ်သော စိတ်ရင်းစေတနာဖြင့် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာ စွမ်းအင်ကဏ္ဍသည် လွန်စွာအရေးပါလျက်ရှိသည်။ ကမ်းလွန်ပင်လယ်ပြင် သဘာဝဓာတ်ငွေ့မြေများမှ ထွက်ရှိသော သဘာဝဓာတ်ငွေ့များကို အသုံးပြု၍ စက်မှုကဏ္ဍအတွက် မရှိမဖြစ်လိုအပ်သော လောင်စာနှင့် လျှပ်စစ်ဓာတ်အားကို အပြည့်အဝ ရရှိစေနိုင်တော့မည်ဖြစ်သည်။ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ပံ့ပိုးဖြည့်ဆည်းပေးနိုင်သည်နှင့်အမျှ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ်သို့ တက်လှမ်းကာ ပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော စားဝတ်နေရေးသာမက ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့် ကဏ္ဍများတွင်ပါ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်တော့မည်ဖြစ်ပေသည်။

အစွမ်းကုန်ကြိုးပမ်း

ယနေ့အချိန်တွင် မြန်မာနိုင်ငံ၏ စွမ်းအင်လိုအပ်ချက်များကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ရေးအတွက် ထိရောက်မှန်ကန်သော စွမ်းအင်မူဝါဒများ ရေးဆွဲချမှတ်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရာတွင် ကောင်းစွာအထောက်အကူပြုနိုင်ရန် အစွမ်းကုန် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ ။

၁၉၈၈ခုနှစ် နောက်ပိုင်း နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်လာသော စွမ်းအင်ကဏ္ဍ မြန်မာတစ်နိုင်ငံလုံး၏ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈	၂၀၁၀	တိုးတက်မှု
၁	**ရေနံမြေရှာဖွေမှု**				
	(က)ရေနံမြေ(ကုန်းတွင်း)	ခု	၁၉	၃၁	၁၂
	(ခ)သဘာဝဓာတ်ငွေ့မြေ (ကမ်းလွန်)	ခု	-	၅	၅
	စုစုပေါင်း	ခု	၁၉	၃၆	၁၇
၂	**ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းအရှည်**				
	(က)ကုန်းတွင်း	မိုင်	၂၅၀·၉၁	၁၉၆၈·၆၅	၁၇၁၇·၇၄
	(ခ)ကမ်းလွန်(ရေအောက်)	မိုင်	-	၄၃၆·၅၂	၄၃၆·၅၂
	(ဂ)ကမ်းလွန်(ကုန်းပေါ်)	မိုင်	-	၁၆၉·၄၃	၁၆၉·၄၃
	စုစုပေါင်း	မိုင်	၂၅၀·၉၁	၂၅၇၄·၆၀	၂၃၂၃·၆၉
၃	**ရေနံစိမ်းထုတ်လုပ်မှု**				
	ကမ်းလွန်	စည်	-	၃၀၄၄၄၁၄	၃၀၄၄၄၁၄
၄	**သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု**				
	ကမ်းလွန်	ကုဗပေ(သန်း)	-	၃၄၈၁၃၁·၀၀	၃၄၈၁၃၁·၀၀

* ၈-၆-၂၀၁၀ ရက်နေ့တွင် မုတ္တမကမ်းလွန်မှ ရန်ကုန်မြို့သို့ ၂၄လက်မ ပိုက်လိုင်းသွယ်တန်းဖွင့်လှစ်ခဲ့ပါသည်။ အဆိုပါ ပိုက်လိုင်းသည် ကုန်းပေါ်-၈၅ဒသမ ၄၃မိုင်နှင့် ကမ်းလွန်-၉၄ဒသမ ၅၂မိုင် စုစုပေါင်းအရှည်မိုင် ၁၇၉ဒသမ ၉၅မိုင် ဖြစ်ပြီး ယင်းပိုက်လိုင်းများမှတစ်ဆင့် ပြည်တွင်းသုံးအတွက် သဘာဝဓာတ်ငွေ့များ တိုးမြှင့်ဖြန့်ဖြူးပေးလျက်ရှိသည်။

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး အမ်းတပ်နယ်ဆေးရုံ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၄

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် ဇူလိုင်၈ရက် မွန်းလွဲပိုင်းက အမ်းမြို့ အမ်းတပ်နယ်ရှိ အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်(၃၀၀)တွင် ဆေးရုံတက်ရောက်ကုသလျက်ရှိသော အရာရှိ၊ စစ်သည် မိသားစုများအား ကြည့်ရှုအားပေး၍ စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

မှာကြား

ထို့နောက် တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ ဆေးရုံအတွင်း ဓာတ်မှန်ခန်း၊ ခွဲစိတ်ခန်းနှင့် ဆေးရုံအဆောက်အအုံ အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဇူလိုင် ၁၄

စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၂ရက် မွန်းလွဲ ၁နာရီက နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး တက်ရောက်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ပေါင်းစပ်ကူညီ

အစည်းအဝေးတွင် ဝန်ကြီး ဦးဌေးဦးက အမှာစကားပြောကြားရာ၌ လယ်ယာကဏ္ဍတိုးတက်ရေး၊ တောင်သူလယ်သမားများ၏ စီးပွားရေးမြင့်မားလာရေးကို ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရန် သီးနှံအလိုက် မျိုးသန့်များထုတ်လုပ်၍ မျိုးပြောင်းလဲစိုက်ပျိုးရေး၊ ဒေသနှင့်ကိုက်ညီပြီး စီးပွားရေးတွက်ခြေကိုက်သော သီးနှံများစိုက်ပျိုးရေး၊ တတ်ကျွမ်းသော စိုက်ပျိုးရေးအတတ်ပညာဖြင့် စိုက်ပျိုးထုတ်လုပ်သူများအား ပေါင်းစပ်ကူညီ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

(သတင်းစဉ်)

အရေးပေါ်သုံးတိုင်းရင်းဆေးသေတ္တာများ သံဖြူဇရပ်မြို့နယ်သို့ပေးအပ်

သံဖြူဇရပ် ဇူလိုင် ၁၄

မြန်မာနိုင်ငံ တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ဖြန့်ဝေပေးခဲ့သည့် အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာများကို သံဖြူဇရပ်မြို့နယ်အတွင်းရှိ ကျေးရွာ ၅၁ ရွာသို့ ထပ်ဆင့်ဖြန့်ဝေ ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၂ ရက်က သံဖြူဇရပ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

(အောက်ပုံ)

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်က ဆေးသေတ္တာများ ဖြန့်ဝေပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်တိုင်းရင်းဆေးကုခန်းတာဝန်ခံ ဦးစောသိန်းဆောင်က ဖြန့်ဝေပေးသည့် တိုင်းရင်းဆေးသေတ္တာများ အသုံးပြုပုံနှင့် အကျိုးများမှုတို့ကို ရှင်းလင်းပြောကြားသည်။

ဖြန့်ဝေပေးအပ်

ထို့နောက် မြို့နယ်အတွင်းရေးမှူး ဦးစိုးလှအောင်က ရပ်ကွက်နှင့်ကျေးရွာ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာများမှ တိုင်းရင်းဆေးခန်း ငွေပဒေသာပင် ရန်ပုံငွေစိုက်ထူရေးကို ဆွေးနွေးပြီးနောက် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်က ကျေးရွာ ဥက္ကဋ္ဌများသို့ တိုင်းရင်းဆေးသေတ္တာများ ဖြန့်ဝေပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

ရန်ကုန် ဇူလိုင် ၁၄

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၆)၊ အမှတ် (၂၇)တွင် Political Times အထူးအချပ်ပို ပါဝင်လျက်ထွက်ရှိလာသည်။

သတင်းစုံလင်

ယင်းအပြင် ဆရာမောင်စူးစမ်း ရေးသားသည့် ဒီမိုကရေစီမော်ဒန်ဖြစ်ရေး ၁၁ပါး၊ ဆရာမောင်သာနုရေးသားသည့် နိုင်ငံရေးသည် အများသဘောဖြစ်သည်၊ ချင်းအမျိုးသားပါတီဥက္ကဋ္ဌ ဦးဇိုဇမ်နှင့်တွေ့ဆုံခြင်း စသည့် နိုင်ငံရေးသုံးသပ်ဆောင်းပါးများ၊ အွန်လိုင်းဖြင့် ဈေးရောင်း ဈေးဝယ်စနစ် မြန်မာနိုင်ငံတွင် စတင်မည်၊ ကျပ်သိန်း ၃၀၀၀၀တန်ဖိုးရှိ အစုရှယ်ယာများ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်က ရောင်းချမည်၊ ရေထွက်ကုန်နှင့် လယ်ယာထွက်ကုန်ပစ္စည်းများ အပါအဝင် ပို့ကုန်အမည် ၅၀၀၀ခန့် အခွန်ပေးစရာမလိုဘဲ တရုတ်သို့ပို့နိုင်ပြီ၊ မြန်မာ-ဗီယက်နမ် ခရီးသွားလုပ်ငန်း တိုးတက်လာမည် အသေအချာဟု ဗီယက်နမ်ခရီးသွားလုပ်ငန်း အသိုင်းအဝိုင်းက ယုံကြည်နေ၊ သမိုင်းဝင် ခနုတ်စေတီတော်ကို လာမည့်မိုးအကုန်တွင် ပြန်လည်တည်ထားဆောက်လုပ်မည်၊ ပုဂ္ဂလိကဆီဆိုင်များ၌ နိုင်ငံ့ဝန်ထမ်းများကို သုံးလတွဲဖက်ခန့်ထားရမည်ဟုဆို၊ လော့စ်အိန်ဂျလိစ်တွင် ကျင်းပမည့် မြန်မာရုပ်ရှင်ပွဲတော်၌ ရင်ခုန်နှင်းဆီနှင့် ပုံပြင်ဟောင်း ပါဝင်ပြသမည်၊ နံရံမဲ့ပြတိုက်၊ ပျော်ရွှင်စရာမွေးနေ့နှင့် စကားပန်းပွင့်ဒဿန ကိုရီးယားခရီးသွားဆောင်းပါး၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ နိုင်ငံရေးနှင့် စာပေအသိအမြင်အကြောင်း၊ ဖြစ်ချင်ခဲ့တာက လေယာဉ်မယ်ပါ၊ ဒါပေမယ့် အခွင့်အရေးမရခဲ့ပါဘူး၊ ချမ်းမီမီကိုနှင့် လိုတိုဗျူးစသည့် ဖျော်ဖြေရေးကဏ္ဍ အပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ဂျပန်ဘောလုံးအသင်းက ဆာမူရိုင်းစိတ်ဓာတ်ကို ပြန်လည်အသက်သွင်းပေးဖွယ်ရှိ၊ ထိုင်းအစိုးရ၏ ပြန်လည်သင့်မြတ်ရေးကြိုးပမ်းမှု အလုပ်ဖြစ်ဖွယ်မရှိဟုဆို၊ အင်ဒိုနီးရှား အရှေ့ဘက်ခြမ်းရှိ ပန်ကတ်ဂျာရာရေခဲမြစ် လာမည့်ငါးနှစ်အတွင်း ပျောက်ကွယ်နိုင်ဖွယ်ရှိ၊ ကွန်ဂိုတွင် လောင်စာတင်ကားတစ်စီး တိမ်းမှောက်မီးလောင်ပေါက်ကွဲသဖြင့် ကမ္ဘာ့ဖလားဘောလုံးပွဲ စောင့်ကြည့်သူများ သေဆုံး၊ ထူးခြားဆန်းပြားသည့် စင်ကာပူရှားပါးလိပ်မျိုးများ အမေရိကန်ပို့၊ ဇာတ်နိမ့်ဇာတ်မြင့်ဆိုင်ရာ လူတန်းစားခွဲခြားမှုများ အိန္ဒိယတွင် ယနေ့တိုင်ဖြစ်ပွားနေ၊ စင်ကာပူဆရာဝန်နှစ်ဦးကို လူနာက တရားစွဲ၊ တရုတ်နိုင်ငံ၏ ဂျီဒီပီတိုးတက်ပြောင်းလဲမှုကြောင့် ဂျပန်ကို ကျော်တက်လာဖွယ်ရှိ၊ ရေနံလုပ်ငန်းနှင့် ပတ်သက်၍ လျှို့ဝှက်ချက်ကို ရယူရန် ကြိုးပမ်းမှု စွပ်စွဲချက်ဖြင့် တရုတ်နွယ်ဖွား ကန်နိုင်ငံသား ထောင်ရှစ်နှစ်ချခံရ မှုခင်းရေးရာကဏ္ဍ၊ နိုင်ငံတကာဖျော်ဖြေရေး၊ စီးပွားရေး၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။

(သတင်းစဉ်)

သဘာဝကယ်ဆီယမ်ဆေးပြားများ တင်သွင်းဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၄

ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ အရိုးပွရောဂါခံစားနေရသော သွေးဆုံးပြီးအမျိုးသမီးများ၊ ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးဆဲကလေးငယ်များနှင့် ကျန်းမာသန်စွမ်းသောအရိုးနှင့် သွားများအတွက် လိမ္မော်အရသာနှင့် ဝါးစားနိုင်သည့် ဩစတြေးလျနိုင်ငံထုတ် ထူးခြားသော ကယ်ဆီယမ် Ozical ဆေးပြားကို Zifam. Pty. Ltd., က တင်သွင်း ဖြန့်ချိလျက်ရှိသည်။

သဘာဝအရင်းအမြစ်မှ ထုတ်လုပ်သည့် ကယ်ဆီယမ်နှင့် လူတို့ပြုပြင်ဖန်တီးထုတ်လုပ်သည့် Synthetic ကယ်ဆီယမ်များဟူ၍ နှစ်မျိုးရှိရာ Synthetic ကယ်ဆီယမ်များသည် ခန္ဓာကိုယ်ထဲတွင် ကယ်ဆီယမ်ဓာတ်ကို စုပ်ယူရာတွင် သဘာဝကယ်ဆီယမ်များကဲ့သို့ စုပ်ယူမှုစွမ်းအားမကောင်းခြင်းကြောင့် လိုအပ်သော ကယ်ဆီယမ်ပမာဏကို အတိအကျ မရရှိနိုင်ပါ။ ထို့အပြင် ကာဗွန်ဒြပ်ပေါင်းများပါဝင်သည့် Synthetic ကယ်ဆီယမ်များသည် အစာမကြေခြင်း၊ လေပွခြင်း၊ လေထိုးခြင်း၊ အောင့်ခြင်းစသည့် ဘေးထွက်ဆိုးကျိုးများကို ဖြစ်ပေါ်စေသည်။

ဖြည့်တင်းပေးနိုင်

Calcium Hydroxyapatite သည် ခန္ဓာကိုယ်၏ အရိုးများထဲတွင် သဘာဝအတိုင်းတွေ့ရှိနိုင်သည့် ကယ်ဆီယမ်ဒြပ်ပေါင်းဖြစ်ပြီး ကယ်လီယမ်နှင့် ဖော့စဖရပ်စ် ၂း၁ ပေါင်းစပ်ထားသည်။ ကယ်ဆီယမ်အားဆေးများတွင် Calcium Hydroxyapatite သည် ခန္ဓာကိုယ်မှ စုပ်ယူစွမ်းအား အကောင်းဆုံးဖြစ်ခြင်းကြောင့် ခန္ဓာကိုယ်အတွက် လိုအပ်သည့် ကယ်ဆီယမ်ဓာတ်ကို အပြည့်ဝဆုံးပြန်လည်ဖြည့်တင်းပေးနိုင်သည်။

Australia နိုင်ငံမှ ထုတ်လုပ်သည့် Ozical သည် Calcium Hydroxyapatite 600 mg ပါဝင်၍ စုပ်ယူမှုအကောင်းဆုံးသော ကယ်ဆီယမ်အားဆေးဖြစ်ပြီး သဘာဝနွားနို့မှ ထုတ်လုပ်ထားသည်။ Ozical တွင် ကယ်ဆီယမ် စုပ်ယူမှုကို အားပေးသော Vitamin D3 50 I.U လည်း ထည့်သွင်းထားသည်။ Australia နိုင်ငံ Therapeutic Goods Administration(TGA) အဖွဲ့အစည်းမှ အရည်အသွေး အသိအမှတ်ပြု လက်မှတ်ရရှိထားသည်။ Ozical ကယ်ဆီယမ်အားဆေးသည် လိမ္မော်အရသာရှိပြီး ဝါးစားနိုင်သည့် ဆေးပြားအဖြစ် ထုတ်လုပ်ထားသည့်အတွက် ဆေးသောက်ကြောက်သူများနှင့် ကလေးငယ်များအတွက် သင့်လျော်သည်။

ဆက်သွယ်မှာယူနိုင်

ကယ်ဆီယမ် Ozical ဆေးပြားကို Zifam .Pty. Ltd., အမှတ်(၀၁၀၃) ဒဂုံတာဝါ ရွှေဂုံတိုင်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၅၈၂၄၈၊ ၀၁-၅၄၄၄၆၇ နှင့် ၀၁-၅၅၈၉၅၀၊ မန္တလေးမြို့ ချမ်းအေးသာစံ အမှတ် (၅-ဘီ) ၃၀ နှင့် ၃၁ လမ်းကြား၊ ၇၇ နှင့် ၇၈ လမ်းကြား ဖုန်း-၀၂-၃၁၇၀၆တို့သို့ ဆက်သွယ်မှာယူနိုင်သည်။

(သတင်းစဉ်)

ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

တာချီလိတ်မြို့တွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော နမ့်ယွန်းချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် စက်ယန္တရားများဖြင့် တူးဖော်ခြင်းလုပ်ငန်းကို ဇူလိုင် ၁၀ရက်က ဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးကျော်သူ၊ လက်ထောက်အင်ဂျင်နီယာ ဦးတင်ဝမ်းမောင်နှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်စဉ်။

(၀၁၆)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၇-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **ကံလေးမျိုး** တရားတော် (ဆရာတော် အရှင်ဇဋိလ)
၇:၀၀ MRTV-4 သတင်း
၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် (Myanmar Business Plan Competition (2010) Press Conference)
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၄၇)
၈:၃၀ Sports World
၉:၀၀ Activities in the City [ရွှေဘိုမြို့နယ်အသင်း (ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ အခမ်းအနား]
၉:၁၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ယောက္ခမက ရှော့ခ်စတား** ရိုက်ကွင်း
၉:၄၅ Science for All (အန္တရာယ်ကင်းစွာ ကားမောင်းကြစို့) (သိပ္ပံစာရေးဆရာ ကိုကိုအောင်၊ ဇင်အောင်)
၁၀:၃၅ နိဗ္ဗာန်သို့ ရည်မှန်းကုသိုလ်ယူ မြတ်သောအလှူ
၁၀:၄၅ ရေပျော်ငှက်တို့ နားခိုရာ
၁၀:၅၅ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
၁၁:၂၀ ကလေးများ၏ ကျန်းမာဖွံ့ဖြိုးရေး (ဒေါက်တာ ခင်မောင်လွင်၊ ဒေါက်တာ မြင့်မြင့်သန်း)
၁၁:၄၀ ဈေးဝယ်လမ်းညွှန် (Orbit Mobile)
၁၂:၁၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (စိတ်အပန်းဖြေစရာ အလှမွေး ငါးကမ္ဘာ)
၁၂:၂၅ ရန်ကုန်မြင်ကွင်းကျယ် (Education Malaysia Exposition)
၁၂:၄၀ မျှော်လင့်ခြင်းခရီးစဉ် ဖြစ်ရပ်မှန်(၅) (သားဥကင်ဆာ)
၁:၀၀ **ကံလေးမျိုး** တရားတော် (ဆရာတော် အရှင်ဇဋိလ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ Zaw Win Htut Emperor 25th Anniversary Live Show (Part-2)
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၄၇)
၄:၁၅ နိဗ္ဗာန်သို့ ရည်မှန်းကုသိုလ်ယူ မြတ်သောအလှူ
၄:၃၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ယောက္ခမက ရှော့ခ်စတား** ရိုက်ကွင်း
၅:၀၀ Activities in the City [ရွှေဘိုမြို့နယ်အသင်း (ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ အခမ်းအနား]
၅:၂၀ **စပါးကရွှေ....ငါးကငွေ** ညီကျော်၊ မိုးဒီ၊ သက်ဦးကို ဆုဝတီမိုး (ဒါရိုက်တာ- နိုင်း)
၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ အနုပညာမိုးကောင်းကင်
၆:၄၅ ရန်ကုန်မြင်ကွင်းကျယ် (Education Malaysia Exposition)
၆:၅၅ Zaw Win Htut Emperor 25th Anniversary Live Show (Part-2)
၈:၀၀ MRTV-4 သတင်း
၈:၃၀ ဂီတသရုပ်ပြခန်း (တေးသံရှင်ရဲ့ တေးလက်ဆောင် သီရိဂျေမောင်မောင်)
၈:၅၅ ရန်ကုန်မြင်ကွင်းကျယ် (Myanmar Business Plan Competition (2010) Press Conference)
၉:၁၀ ဈေးဝယ်လမ်းညွှန် (Orbit Mobile)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၄၇)
၁၀:၀၀ မျှော်လင့်ခြင်းခရီးစဉ် ဖြစ်ရပ်မှန် (၅) (သားဥကင်ဆာ)
၁၀:၂၀ အနုပညာမိုးကောင်းကင်
၁၀:၅၀ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
၁၁:၁၀ ဂီတသရုပ်ပြခန်း (တေးသံရှင်ရဲ့ တေးလက်ဆောင် သီရိဂျေမောင်မောင်)
၁၁:၂၅ ပတ္တမြားမြေရဲ့ အလှသက်သေ
၁၁:၄၀ ရော်ဘာစိုက်ပျိုးပြည်အကျိုး ဆတိုးဆောင်ရွက် စီးပွားတက်
၁၁:၄၅ ဟူးကောင်းကျားများတည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့
၁၂:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

● *ကျောဖုံးမှ*

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပို၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်နှင့် ရှန်ဟိုင်းမြို့ နိုင်ငံခြားရေးရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် နံနက် ၉နာရီတွင် ရှန်ဟိုင်းမြို့၌ ကျင်းပလျက်ရှိသည့် ကမ္ဘာ့ကုန်စည်ပြပွဲတွင် ပါဝင်ခင်းကျင်းပြသနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြခန်းဆောင်သို့ ရောက်ရှိရာ ပြခန်းဆောင် တာဝန်ခံ Mr.Xu Hubin က ကြိုဆိုနှုတ်ဆက်သည်။

သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့်အဖွဲ့သည် ဂျပန်နိုင်ငံ ပြခန်းဆောင်သို့ ရောက်ရှိကြရာ ပြခန်းဆောင် တာဝန်ခံ Mr. Hanada က ကြိုဆိုနှုတ်ဆက်၍ ပြကွက်များကို လှည့်လည်ရှင်းလင်းပြသသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့သည် ဆော်ဒီအာရေဗျနိုင်ငံ ပြခန်းဆောင်သို့ ရောက်ရှိလာကြရာ ပြခန်းဆောင်တာဝန်ခံ Mr. Bandor Raies က ကြိုဆိုနှုတ်ဆက်ပြီး ပြခန်းအတွင်း ပြသလျက်ရှိသည့် ပြကွက်များကို လိုက်လံ ရှင်းလင်းပြသသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် မွန်းလွဲ ၁နာရီခွဲတွင် အမေရိကန်ပြည်ထောင်စုနိုင်ငံပြခန်းဆောင်၊ မွန်းလွဲ ၂နာရီ ၁၀မိနစ်နှုတ်ဆက်ကြပြီး ပြခန်းဆောင်များအတွင်း လိုက်လံ ရှင်းလင်းပြသကြသည်။

ကြည့်ရှုအားပေး

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြခန်းဆောင်၌ ခင်းကျင်းပြသလျက်ရှိသော ပြကွက်များကို လိုက်လံကြည့်ရှုအားပေးကြပြီး ပြခန်းဆောင် တာဝန်ခံအား လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲ ၂၀၁၀ကို ရှန်ဟိုင်းမြို့၌ မေ ၁ရက်မှ အောက်တိုဘာ ၃၁ရက်အထိ ကျင်းပမည်ဖြစ်သည်။ ကမ္ဘာ့ကုန်စည်ပြပွဲ၏ ဆောင်ပုဒ်မှာ Better City, Better Life ဖြစ်သည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့သည် မြန်မာနိုင်ငံပြခန်းဆောင်မှ ထွက်ခွာ

ကြည့်ရှုလေ့လာ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ရှန်ဟိုင်း ကမ္ဘာ့ကုန်စည်ပြပွဲရှိ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ ပြခန်းဆောင်တွင် ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)



... အတွင် ... ကမ္ဘာ့ ... ခင်းက ...

လာကြပြီ ... Qiao ... ပြန်လည် ... ထို့ ... ကိုယ်စား ... ပြည်သူ့ ...



တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြခန်းဆောင်

ရှန်ဟိုင်းကမ္ဘာ့က ... နိုင်ငံ ပြခန်းဆောင် ...

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့သည် ပြခန်းဆောင်အတွင်း ခင်းကျင်းပြသထားသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နှစ် (၃၀)အတွင်း စည်ပင်ဖွံ့ဖြိုးတိုးတက်မှု အဆင့်ဆင့် ပြကွက်၊ ရှေးဟောင်းပန်းချီကားကို အဆင့်မြင့် I.T နည်းပညာရပ် အသုံးပြု၍ သက်ဝင်လှုပ်ရှားစေသော ပြကွက်၊ သဘာဝပတ်ဝန်းကျင် အခြေအနေနှင့် လိုက်လျောညီထွေနေထိုင်မှု ပုံသဏ္ဌာန်ပြကွက်၊ ရှန်ဟိုင်းမြို့ ဖွံ့ဖြိုးတိုးတက်မှုအဆင့်ဆင့်ကို I.T နည်းပညာဖြင့် မြင်ကွင်းအမျိုးမျိုး ပြသသော ပြကွက်တို့ကို ကြည့်ရှုလေ့လာကြရာ ပြခန်းဆောင်တာဝန်ခံက ရှင်းလင်းပြောကြားသည်။

လက်မှတ်ရေးထိုး

ယင်းနောက် အတွင်းရေးမှူး(၁)

တွင် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ ပြခန်းဆောင်နှင့် ညနေ၃နာရီခွဲတွင် ဩစတြေးလျနိုင်ငံ ပြခန်းဆောင်တို့ကို လှည့်လည်ကြည့်ရှုလေ့လာကြရာ ပြခန်းဆောင် တာဝန်ခံများက ကြိုဆို

ဂျပန်နိုင်ငံ ပြခန်းဆောင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲရှိ ဂျပန်နိုင်ငံ ပြခန်းဆောင်အတွင်း ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

ရှန်ဟိုင်းမြို့၏ ညရှုခင်းအလှ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့၏ ညရှုခင်းအလှကို တွေ့ရစဉ်။ (သတင်းစဉ်)

ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲ

ရှန် ...

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ရှန်ဟိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇူလိုင် ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး လည်ပတ်ခဲ့ပြီးနောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအေးမြင့်၊ ဦးမောင်မြင့်နှင့် ဦးလှသိန်းဆွေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ပြန်လည်ထွက်ခွာရန် ဇူလိုင် ၁၁ရက် နံနက် ၁၁နာရီတွင် ခေတ္တတည်းခိုသည့် **Hong Qiao State Guest Hotel** မှ ရှန်ဟိုင်းမြို့ Pudong အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မော်တော်ယာဉ်ဖြင့် ထွက်ခွာခဲ့သည်။

ကြိုဆို

အတွင်းရေးမှူး(၁)နှင့်အဖွဲ့သည် Pudong လေဆိပ်သို့ သွားရောက်ရာတွင် Pudong မြို့သစ်အုပ်ချုပ်ရေးရုံးသို့ ခေတ္တဝင်ရောက်ရာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့အား Pudong မြို့သစ်အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ Mr. Lu Ming နှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)အား ဧည့်ခန်းမဆောင်၌ Pudong မြို့သစ်အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌက Pudong မြို့သစ်ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေများကို DVD ဖြင့် ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁)က သိရှိလိုသည်များကို ပြန်လည်မေးမြန်းသည်။

လက်မှတ်ရေးထိုး

ယင်းနောက် အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အတွင်းရေးမှူး(၁)သည် Pudong မြို့သစ်အုပ်ချုပ်ရေးရုံး၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့သည် Pudong မြို့သစ်အုပ်ချုပ်ရေးရုံးမှ ဆက်လက်ထွက်ခွာခဲ့ကြရာ နံနက် ၁၁နာရီခွဲတွင် Pudong အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပို၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ ရှန်ဟိုင်းမြို့ မြူနီစီပယ်အစိုးရ ဒုတိယကော်မရှင်နာ မစ္စတာရှန်းကျန့်ကော်နှင့် နိုင်ငံခြားရေးရုံးမှ တာဝန်ရှိသူများက Pudong အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဒေသစံတော်ချိန် မွန်းလွဲ ၁၂နာရီ ၄၅မိနစ်တွင် လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ကြရာ ဇူလိုင် ၁၂ရက်တွင် ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြခန်းဆောင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြခန်းဆောင်၌ ခင်းကျင်းပြသထားသော ပြကွက်များကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

လာကြပြီး ခေတ္တတည်းခိုသည့် Hong Qiao State Guest Hotel သို့ ပြန်လည်ရောက်ရှိကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့် ရှန်ဟိုင်းမြို့ နိုင်ငံခြားရေးရုံးမှ တာဝန်ရှိသူများ လိုက်ပါလျက် ည ၈နာရီခွဲတွင် ဖူးမြစ်အတွင်း သင်္ဘောဖြင့် လှည့်လည်၍ ရှန်ဟိုင်းမြို့နှင့် ဖူတုံမြို့တို့ကို ကြည့်ရှုလေ့လာခဲ့ကြသည်။ **(သတင်းစဉ်)**

...မ္မတနိုင်ငံ ပြခန်းဆောင်

ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲ၌ ပါဝင်ခင်းကျင်းပြသသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြခန်းဆောင်အတွင်းရှိ ပြကွက်တစ်ကွက်ကို တွေ့ရစဉ်။

(သတင်းစဉ်)

...င်းကမ္ဘာ့ကုန်စည်ပြပွဲ

ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲကို တွေ့ရစဉ်။ (သတင်းစဉ်)



ဂျပန်နိုင်ငံ ပြခန်းဆောင်

ရှန်ဟိုင်း ကမ္ဘာ့ကုန်စည်ပြပွဲရှိ ဂျပန်နိုင်ငံ ပြခန်းဆောင်၌ ပြသလျက်ရှိသည့် ပြကွက်တစ်ကွက်ကို တွေ့ရစဉ်။

(သတင်းစဉ်)

ရှန်ဟိုင်း ကမ္ဘာ့ကုန်စည်ပြပွဲရှိ ပြည်ထောင်စု မြန်မာနိုင်ငံတော် ပြခန်းဆောင်ကို တွေ့ရစဉ်။

(သတင်းစဉ်)



ရှင်းလင်းတင်ပြ

ဇူလိုင် ၁၀ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင် မြင့်ဦးအား ရှန်ဟိုင်း ကမ္ဘာ့ ကုန်စည်ပြပွဲရှိ ဆော်ဒီအာရေဗျ နိုင်ငံ ပြခန်းဆောင်၌ ပြခန်း ဆောင် တာဝန်ခံ Mr. Bandor Raies က ပြခန်းအတွင်း ပြသ လျက်ရှိသည့် ပြကွက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။
(သတင်း-ကျော) (သတင်းစဉ်)

ပြခန်းဆောင် ကြည့်ရှုလေ့လာ

ဇူလိုင် ၁၀ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင် မြင့်ဦး ရှန်ဟိုင်းကမ္ဘာ့ကုန်စည် ပြပွဲ၌ ပါဝင် ခင်းကျင်းပြသ သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြခန်းဆောင်အတွင်း ကြည့်ရှု လေ့လာစဉ်။
(သတင်း-ကျော) (သတင်းစဉ်)

ရန်ကုန်မြို့သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးဦးစီးကော်မတီ စည်းဝေး
ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

အမှာစကားပြောကြား

ရန်ကုန်မြို့သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးဦးစီးကော်မတီ နာယက ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြို့ သန့်ရှင်း သာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးဦးစီးကော်မတီ အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်မြို့သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး ဦးစီးကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့တော်ခန်းမရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး ဦးစီးကော်မတီနာယက ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ပြီး အမှာစကား ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းတို့က ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက လုပ်ငန်းကော်မတီအလိုက် လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ယခင်အပတ် အစည်းအဝေးဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ပေါင်းစပ်ညှိနှိုင်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဦးလွန်းသီအား အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၄

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Dr. Villur Sundararajan Seshadri သည် ယနေ့ ညနေ ၅နာရီတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ စွမ်းအင်ကဏ္ဍဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (အောက်ပုံ) (သတင်းစဉ်)

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းအား
ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၄

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Cho Byungjae သည် ဇူလိုင် ၁၃ရက် မွန်းတည့် ၁၂နာရီတွင် နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်း၌ လာရောက်တွေ့ဆုံ၍ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ရေးနှင့် နည်းပညာအထောက်အပံ့ပေးရေး တို့ကို ဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံရာတွင် အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဇူလိုင် ၁၄

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ညနေ ၄နာရီတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ ဘောလုံးအားကစားဝါသနာရှင်များ လာရောက်ကြည့်ရှု အားပေးကြသည်။

အနိုင်ရရှိ

နေပြည်တော် ဘောလုံးအားကစားပြိုင်ကွင်းတွင် ကျင်းပသော ပွဲစဉ်၌ (ခ) အုပ်စုမှ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက ရှေ့နေချုပ်ရုံးအသင်းကို ခြောက်ဂိုး-နှစ်ဂိုး ဖြင့်လည်းကောင်း၊ နေပြည်တော်ပေါင်းလောင်း ဘောလုံးအားကစားပြိုင်ကွင်းတွင် ကျင်းပသော ပွဲစဉ်၌ (ခ)အုပ်စုမှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အသင်းက အမှတ်(၂) စက်မှုဝန်ကြီးဌာနအသင်းကို လေးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ နေပြည်တော် လယ်ဝေး ဘောလုံးအားကစားပြိုင်ကွင်းတွင် ကျင်းပသော ပွဲစဉ်၌ (ဂ)အုပ်စုမှ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနအသင်းက မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

ဇူလိုင် ၁၅ရက် ပွဲစဉ်များအဖြစ် နေပြည်တော် အားကစားပြိုင်ကွင်း၌ (ဂ)အုပ်စုမှ ဟိုတယ်/ခရီးအသင်းနှင့် စီးပွား/ကူးသန်းအသင်း၊ နေပြည်တော်ပေါင်းလောင်း အားကစားပြိုင်ကွင်း၌ (ဃ) အုပ်စုမှ သတ္တုတွင်းအသင်းနှင့် စီမံ/စီးပွား အသင်း၊ နေပြည်တော်လယ်ဝေး အားကစားပြိုင်ကွင်း၌ (ဃ)အုပ်စုမှ သစ်တောရေးရာအသင်းနှင့် လယ်/ဆည်အသင်းတို့ အသီးသီး ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြိုဆို နှုတ်ဆက်

ဇူလိုင် ၁၄ရက်က ပြင်သစ်သမ္မတနိုင်ငံ အမျိုးသားနေ့ ညခံ့ပွဲအခမ်းအနားသို့ တက်ရောက်လာသော ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီး **H.E. Mr. Jean - Pierre LAFOSSE** ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်) (၁၆)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၄

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)၏ (၁၆)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၂၅ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း ခြောက်ထပ်ကြီးဘုရားဝင်းရှိ ဘိုကလေးမြို့နယ်အသင်း (ရန်ကုန်) သိမ်ကျောင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

သို့ဖြစ်၍ ဘိုကလေးမြို့နယ်အသင်းသား အသင်းသူ၊ မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေများ ဆက်သွယ်လှူဒါန်းလိုပါက ဦးစောဝေ(ဥက္ကဋ္ဌ) ဖုန်း-၀၉-၅၁၀၈၇၀၅၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးသိန်းဝင်း ဖုန်း-၀၉-၅၁၆၉၅၂၁၊ ဦးခင်မောင်တင့် ဖုန်း-၀၉-၅၀၇၉၂၀၈၊ ဗိုလ်မှူးစိုးအောင်(ငြိမ်း) ဖုန်း-၅၇၀၈၂၁၊ ဦးတင်လှ ဖုန်း-၂၂၄၈၂၄၊ ဦးသိန်းညွန့် ဖုန်း-၆၈၂၈၂၂၊ ဦးမြင့်ကြည် (အတွင်းရေးမှူး) ဖုန်း-၇၂၁၀၀၈၊ ဦးဝင်းမြင့် (ဘဏ္ဍာရေးမှူး) ဖုန်း-၀၉-၅၁၀၅၈၀၆ နှင့် အသင်းတိုက် ဖုန်း-၂၁၂၅၀၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တောင်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၁၄

ယနေ့နံနက် ၉နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကရင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ၊ ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ စစ်တွေမြို့တွင် ၄ဒသမ ၂၁လက်မ၊ ဂွမြို့တွင် ၂ဒသမ ၃၂လက်မ၊ ခန္တီးမြို့တွင် ၂ဒသမ ၁၃လက်မ၊ သံတွဲမြို့တွင် ၁ဒသမ ၉၃လက်မ၊ ပူတာအိုမြို့တွင် ၁ဒသမ ၅၃လက်မ၊ ဟသ်ာတမြို့တွင် ၀ဒသမ ၄၉လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဇူလိုင် ၁၅ရက် ညနေအထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကယားပြည်နယ်တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြဝတီရုပ်မြင်သံကြား

၁၅-၇-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၃၀	၃။	ဓမ္မပူဇာတေး
၇း၃၅	၄။	မျိုးချစ်တပ်မတော်
၇း၄၀	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၄၅	၆။	မြန်မာသံစဉ် ချိုနားဝင်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၃၀	၃။	မျိုးချစ်တပ်မတော်
၄း၄၀	၄။	အမျိုးသားရေးတေးကဗျာ
၄း၄၅	၅။	မွေးမြူသုတ
၄း၅၅	၆။	မြန်မာသံစဉ်ချိုနားဝင်
၅း၀၀	၇။	တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၃၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅	၁၀။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၁။	လျှပ်တစ်ပြက်
၆း၃၀	၁၂။	ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅	၁၃။	ကာတွန်းအစီအစဉ် **စွန့်စားသူတို့ပျော်စံရာ** (အပိုင်း-၃၀)
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၄၈)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	အနုပညာရှင်၏တစ်နေ့တာ
	၂၀။	ကုန်သွယ်သုတ
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကမ္ဘာည်းတွင်မည့် ချင်သူရဲကောင်း**(အပိုင်း-၃၅)

ဇူလိုင် ၁၄ရက်က ကျင်းပသည့် မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ၂၀၁၀ တက္ကသိုလ်ဝင်တန်းကို ထူးချွန်စွာအောင်မြင်သော ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲတွင် မြို့နယ်ပညာရေးမှူး ဒေါ်ခိုင်ရွှေညွန့်က ငါးဘာသာဂုဏ်ထူးရှင် မောင်ဇာနည်ထွန်းအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

ငွေ့နှလအတွင်း ကချင်ပြည်နယ်၌ သစ်မျိုးစုံ ၄၈၆တန်ကျော် သိမ်းဆည်းရမိခဲ့

နေပြည်တော် ဇူလိုင် ၁၄

ကချင်ပြည်နယ်၌ ၂၀၁၀ခုနှစ် ဇွန်လအတွင်း တရားမဝင် သစ်ထုတ်လုပ်မှုများကို ရှာဖွေဖမ်းဆီးခဲ့ရာ ကျွန်းသစ် ၉၄ ဒသမ ၇၃၆ တန်၊ ကျွန်းခွဲသား ၁၆၄ ဒသမ ၂၂၆တန်၊ သစ်မာအုပ်စု(၁) သစ်လုံး ၃၃ ဒသမ ၁၈၄ တန်၊ သစ်မာအုပ်စု(၁) ခွဲသား ၃ဒသမ၄၃၄ တန်၊ အခြားသား (သစ်လုံး) ၁၈၁ဒသမ၆၉၃ တန်၊ အခြားသား(ခွဲသား) ၈ဒသမ၉၂၆ တန် စုစုပေါင်း ၄၈၆ဒသမ၁၉၉ တန် သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြွက်ကာကွယ်နှိမ်နင်းရေး နှိုးဆော်ချက်

မိုးဦးအစတွင် ရိုးမများအတွင်း မှီခိုနေထိုင်သော ကြွက်ဝမ်းဖြူများသည် ဒေသနှင့်ဝါးမျိုးကွဲအလိုက် ဝါးပန်းပွင့်ခြင်း၊ ဝါးသည်းခြင်းတို့ကြောင့် မျိုးပွားနှုန်းမြင့်မားလာခြင်းနှင့် ရိုးမအတွင်း အစားအစာရှားပါးလာခြင်းတို့ကြောင့် စပါးပျိုးခင်းနှင့် စိုက်ခင်းများရှိရာ မြေပြန့်သို့ အုပ်စုလိုက် ရွှေ့ပြောင်း၍ ပျိုးခင်းမှ စပါးစေ့နှင့် ပျိုးပင်ငယ်များကို စားသောက်ဖျက်ဆီးလာနိုင်သည်။

ကြွက်ကျရောက်ဖျက်ဆီးပါက အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန် ဖြစ်သည် -

- လူနေအိမ်နှင့်စိုက်ခင်းများအတွင်း ကြွက်ခိုအောင်းနိုင်သော နေရာများအား သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊
- ကြွက်ကျင်းများ တူးဖော်နှိမ်နင်းခြင်း၊
- ကြွက်ကျင်းများထဲသို့ မီးခိုးမှိုင်းတိုက်ခြင်း၊ ရေလောင်းထည့်ခြင်း၊
- တစ်ကွင်းတစ်စပ်တည်းတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် ခြောက်လှန့်ရှာဖွေဖမ်းဆီးခြင်း၊
- ထောင်ချောက်အမျိုးမျိုးအသုံးပြု နှိမ်နင်းခြင်း၊
- လိုအပ်ပါက ကြွက်သတ်ဆေးချ၍ ကာကွယ်နှိမ်နင်းခြင်း၊

အကူအညီလိုအပ်ပါက နီးစပ်ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဌာနများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ရွှေကျင်မြို့နယ်၌ သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ခြေထောက်ပြတ်ဒဏ်ရာရရှိ

နေပြည်တော် ဇူလိုင် ၁၄

ပဲခူးတိုင်း ရွှေကျင်မြို့နယ် ကွမ်းဆိပ်ကျေးရွာနေ ဦးဆန်းဝင်းသည် ဇူလိုင် ၁၁ရက် နံနက်ပိုင်းက အဖော်သုံးဦးနှင့်အတူ ဘုရားတောင်ကျေးရွာအနီး ဝါးခုတ်ရန်သွားရောက်စဉ် သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် ယာဒူးအောက် ပြတ်တောက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရလူနာအား သူ့ရဲသမိန်ဆေးရုံသို့ ပို့ဆောင်ကုသပေးထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုံရွာမြို့နယ်၌ မီးလောင်ကျွမ်းမှုဖြစ်ပွား လူ ၈၃ဦး အိုးမဲ့အိမ်မဲ့ဖြစ်ပွားခဲ့

နေပြည်တော် ဇူလိုင် ၁၄

စစ်ကိုင်းတိုင်း မုံရွာမြို့နယ် ကံပြားကျေးရွာ၌ ဇူလိုင် ၁၂ရက် ည ၁၁နာရီ ၄၅မိနစ်ခန့်က မီးဖိုမီးမှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းကာ နေအိမ် ၂၁လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ မီးလောင်မှုကြောင့် အမျိုးသား ၃၃ဦး၊ အမျိုးသမီး ၅၀ စုစုပေါင်း ၈၃ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သဖြင့် ကျေးရွာရှိ ရွှေဘုံသာကျောင်းဝင်းအတွင်း နေရာချထားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧရာဝတီမြစ်ရေတိုးပြီး ကမ်းပါးပြိုသဖြင့် ပုသိမ်ကြီးမြို့နယ်ရှိ ညောင်ပင်သာယာ အရှေ့ကျေးရွာမှ မိသားစုအချို့အား ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေရာချထားပေး

နေပြည်တော် ဇူလိုင် ၁၄

ဧရာဝတီမြစ်ရေတိုးလာမှုကြောင့် မြစ်ကမ်းပါးများ တဖြည်းဖြည်းပြိုကျပြီး မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် ဘိုလုကုန်းကျေးရွာအုပ်စု ညောင်ပင်သာယာအရှေ့ကျေးရွာနှင့် နီးကပ်လာကာ အန္တရာယ်ဖြစ်ပွားနိုင်သဖြင့် ကျေးရွာရှိ စိုးရိမ်ရသော နေအိမ် ၃၂လုံးမှ အမျိုးသား ၇၆ဦး၊ အမျိုးသမီး ၈၆ဦး စုစုပေါင်း ၁၆၂ဦးတို့အား ဒေသအာဏာပိုင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူတို့က ရေဘေးလွတ်ကင်းရာသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ကြောင်း၊ မိသားစုဝင်များအားလည်း လိုအပ်သည်များကို ကူညီပံ့ပိုးပေးထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဇူလိုင် ၁၄

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇူလိုင် ၁၄ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၂၂၅၉ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၇၀၀၆၁ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၂၂၅၉ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၀၀၆၁ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် ဇူလိုင် ၁၄

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇူလိုင် ၁၄ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၉၈၆ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၉၅၅၁ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၂၉၈၆ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၃၉၅၅၁ ဦး

(အင်တာနက်)

တာလီဘန်တို့ လက်နက်ကြီးဖြင့်ပစ်ခတ်

ကန်ဒါဟာ ဇူလိုင် ၁၄

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာမြို့အနီး နေတိုးအခြေစိုက်စခန်းကို ဇူလိုင် ၁၂ရက် ဒေသစံတော်ချိန် နံနက် ၁၀နာရီ ၂၆မိနစ်က ဒုံးကျည်ဖြင့်ပစ်ခတ်ခဲ့ကြောင်း၊ ယင်းဖြစ်ပွားမှုနှင့်ပတ်သက်၍ ပျက်စီးဆုံးရှုံးမှုကို သတင်းထုတ်ပြန်ထားခြင်းမရှိသေးဟု အာဖဂန်ကာကွယ်ရေး ဝန်ကြီးဌာနက ပြောကြားသည်။ ကန်ဒါဟာရှိ နေတိုးအခြေစိုက်စခန်းကို ဇန်နဝါရီလကုန်ပိုင်းက ဘယ်လ်ဂျီယံ ကာကွယ်ရေးဝန်ကြီး နီကိုလေးမယ်ဒီနို ရောက်ရှိစဉ်အတွင်း ဒုံးကျည်ဖြင့်ပစ်ခတ်ခဲ့ရာ ဘယ်လ်ဂျီယံနိုင်ငံသားလေးဦး ဒဏ်ရာရရှိခဲ့သည်ဟုဆိုသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ပါကစ္စတန်နိုင်ငံ မို့ချ်မန်းဒေသ အနောက်မြောက်ပိုင်း၌ အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော နေအိမ်များကို ဇူလိုင် ၁၂ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

အာဖဂန်တောင်ပိုင်း ဗုံးပေါက်ကွဲမှု ၁၁ ဦးသေဆုံး

ကဘူးလ် ဇူလိုင် ၁၄

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း လူမျိုးစုဒေသ၌ ဇူလိုင် ၁၂ရက်က အင်အားပြင်းသည့် ဗုံးသုံးလုံးပေါက်ကွဲမှုကြောင့် ၁၁ဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရရှိကြောင်း လူ့အခွင့်အရေးအဖွဲ့က သတင်းထုတ်ပြန်သည်။ ဟယ်လ်မန့်ပြည်နယ်ရှိ မီနီဘတ်စ်ကားတစ်စီးမောင်းနှင်လာစဉ် ဗုံးပေါက်ကွဲမှုကြောင့် အရပ်သား ရှစ်ဦးသေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိသည်။

တိုက်ခိုက်မှု

ထို့အပြင် မိုက်ဒန်ဝါဒတ်ပြည်နယ်၌ ငါးဦး၊ ခို့ပြည်နယ်၌ သုံးဦး၊ လာဂါပြည်နယ်၌ ရဲအရာရှိ တစ်ဦး အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့ရသည်။

အမြင့်ဆုံးဖြစ်

ဇွန်လ နောက်ဆုံး၌ ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုပေါင်း ၁၂၀၀ ရှိခဲ့သည်ဟု အဆိုပါ အဖွဲ့မှတ်တမ်းများ၌ ဖော်ပြသည်။ ၂၀၀၂ ခုနှစ်က ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုများအတွင်း ယခုအချိန်သည် အမြင့်ဆုံး ဖြစ်ခဲ့သည်ဟုဆိုသည်။

ဖော်ပြ

အာဖဂန်နစ္စတန်တွင် ၂၀၀၁ခုနှစ် နောက်ပိုင်း အမေရိကန် ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်ပေါင်း ၁၉၂၅ဦး သေဆုံးခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင် ၁၁၇၁ဦး သေဆုံးခဲ့သည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ တောင်ဘက် ကန်ဒါဟာအရပ်၌ ဆိုင်ကယ်ဗုံးပေါက်ကွဲမှု ဖြစ်ပွားသည်ကို ဇူလိုင် ၁၂ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

အီရတ်-အာဖဂန်သတင်းများ

ဘဂ္ဂဒက်၌ ဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွား

အရပ်သားသေဆုံးမှု ပိုမိုများပြား

ဘဂ္ဂဒက် ဇူလိုင် ၁၄

ဘဂ္ဂဒက်မြို့၌ အသေခံဗုံးခွဲတိုက်ခိုက်မှု တစ်ရပ်ဖြစ်ပွားရာ အနည်းဆုံး ငါးဦးသေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ဇူလိုင် ၁၂ရက်၌ ပြောကြားသည်။

ဘဂ္ဂဒက်မြို့အနောက်ပိုင်း ဆွန်နီအများစုနေထိုင်ရာ ဂါဇာလီယာခရိုင်၌ တိုက်ခိုက်မှုတွင် သုံးဦးသေဆုံးခဲ့ကြောင်း၊ ယင်းဒေသသည် တစ်ချိန်က အကြမ်းဖက်မှုများဖြစ်ပွားရာ ဒေသသဖွယ်ဖြစ်ခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

ဤတိုက်ခိုက်မှုမှာ ဘဂ္ဂဒက်မြို့၌ ရှီးယိုက်ဘာသာဝင်တို့အား ဗုံးခွဲတိုက်ခိုက်မှုကြောင့် လူ ၆၀သေဆုံးခဲ့ရသည့် ဖြစ်ရပ်နောက်ပိုင်း သုံးရက်အကြာတွင် ဖြစ်ခဲ့သည်။

သေဆုံး

မကြာသေးသည့် ရက်များအတွင်းကလည်း အက်ဟာမီယာအရပ်၌ ဘာသာရေးပွဲတော်လာများအား အသေခံဗုံးခွဲသူက ဖောက်ခွဲရေးပစ္စည်းများ ခါးတွင်ပတ်လျက် ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းကြောင့် အပြစ်မဲ့ပြည်သူ ၃၅ဦး သေဆုံးခဲ့ရသည်။

၂၀၀၉ခုနှစ်အတွင်း အီရတ်နိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွား၍ အရပ်သား ၄၀၆၈ဦးသေဆုံးခဲ့ပြီး ၁၅၉၃၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ကုလသမဂ္ဂမှ ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ဗုံးခွဲတိုက်ခိုက်

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အီလာအမ်အရပ်၌ အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော မော်တော်ယာဉ်များကို ဇူလိုင် ၁၂ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

အာဖဂန်နစ္စတန်၌ အရပ်သားများ သေဆုံးမှုမြင့်တက်

အကြမ်းဖက်မှုများ အဆိုးရွားဆုံးဖြစ်

ကဘူးလ် ဇူလိုင် ၁၄

အာဖဂန်နစ္စတန်နိုင်ငံ၌ ယခုနှစ် ပထမခြောက်လအတွင်း လက်နက်ကိုင် အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် အရပ်သား ၁၀၀၀ကျော် သေဆုံးခဲ့ရကြောင်း အာဖဂန် ဆန်းစစ်လေ့လာမှု တစ်ရပ်၌ ဖော်ပြသည်။

၂၀၀၉ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ကြည့်လျှင် အရပ်သားသေဆုံးမှုမှာ တိုးလာကြောင်း တွေ့ရသည်ဟု ဆို၏။ သို့ရာတွင် ထိုကာလက နေတိုး၏ လေကြောင်း တိုက်ခိုက်မှုကြောင့် သေဆုံးမှုများခဲ့ခြင်းဖြစ်သည်။

ဖော်ပြ

မကြာမီက အာဖဂန်ရှိ နေတိုးစစ်ဌာနချုပ်တပ်မှူးအဖြစ် တာဝန်ထမ်းဆောင်ရန် ရောက်ရှိလာသော ဗိုလ်ချုပ်ကြီး ဒေးဗစ် ပက်ထရပ်က အရပ်သားများသေဆုံးမှု နည်းပါးအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း ကတိပြုထားသည်။ အာဖဂန်၌ အကြမ်းဖက် တိုက်ခိုက်မှုများသည် ၂၀၀၁ ခုနှစ်မှစပြီး ယခုအချိန်သည် အဆိုးရွားဆုံး ဖြစ်ကြောင်း အဆိုပါ အစီရင်ခံစာ၌ ရေးသားဖော်ပြထားသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

အာဖဂန်တပ်ပြေးတိုက်ခိုက်မှု ဗြိတိသျှတပ်ဖွဲ့ဝင်သုံးဦးသေဆုံး

ကဘူးလ် ဇူလိုင် ၁၄

အာဖဂန်နစ္စတန်နိုင်ငံတွင် အာဖဂန်တပ်ပြေးတစ်ဦး၏ တိုက်ခိုက်မှုကြောင့် ဗြိတိသျှတပ်ဖွဲ့ဝင်သုံးဦး သေဆုံးသွားကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာသည်။

အဆိုပါတပ်ဖွဲ့ဝင်များသည် ရိုင်ဖယ်အမှတ်(၁)တပ်ရင်းမှ ဖြစ်ပြီး ဟယ်လ်မန့်ပြည်နယ် နာဟာအီးဆာရက်၌ အင်္ဂါနေ့က လုံခြုံရေးတာဝန်ထမ်းဆောင်စဉ် ၎င်းတပ်ပြေးက သေနတ်ဖြင့် ဝင်ရောက်ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

ဤတိုက်ခိုက်မှုကြောင့် ၂၀၁၀ခုနှစ် နောက်ပိုင်း အာဖဂန်၌ ဗြိတိသျှတပ်ဖွဲ့ဝင် ၃၁၇ဦး သေဆုံးခဲ့ရသည်။ **(အင်တာနက်)**

ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်း ရပ်စောက်၌ဖွင့်

ရပ်စောက် ဇူလိုင် ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်၌ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ဦးဆောင်၍ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲကို ဇွန် ၂၉ရက် နံနက် ၉နာရီက ရဿဝတီခန်းမ၌ ကျင်းပသည်။ အဆိုပါ သင်တန်းဖွင့်ပွဲတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဒေါက်တာထွန်းအေးက အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ဆွေးနွေးရှင်းလင်း

ဆက်လက်၍ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းနှင့်စပ်လျဉ်း၍ မြို့နယ်ကော်မရှင် အဖွဲ့ခွဲဝင်များက ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ ရှင်းလင်းဆွေးနွေးပို့ချရာ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်ပေါင်း ၄၃၆ဦး တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ရေတာရှည်မြို့နယ် ခင်တန်းကြီးကျေးရွာ၌ အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ရေတာရှည် ဇူလိုင် ၁၂

ရေတာရှည်မြို့နယ် ခင်တန်းကြီးကျေးရွာ အလင်းရောင်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဇွန် ၁၀ရက်က အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်သန်းသန်းနှင်းနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထင်ကျော်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းက စာဖတ်ခြင်း အကျိုးကျေးဇူးကို ရှင်းလင်းပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စံ(၅)ချက်ညီ စာကြည့်တိုက်ဖြစ်ရေးတို့ကို ဆွေးနွေးပြောကြားသည်။

လှူဒါန်း

ထို့နောက် စာအုပ်စာစောင်များပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် ကျေးရွာပြည်သူအလှူရှင်များက သုတ၊ ရသ စာအုပ်မျိုးစုံ ၂၀၀ကို ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံသို့ လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

လှိုင်းဘွဲ့မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း လုံခြုံရေးမီးလိုင်းများ စနစ်တကျဆောင်ရွက်ထားမှုကို ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းစိုးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အင်္ဂလိပ်စကားပြောသင်တန်းဖွင့်

နေပြည်တော် ဇူလိုင် ၁၄

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး၊ အရာထမ်း၊ အမှုထမ်းများ၏ အင်္ဂလိပ်စကားပြောသင်တန်း (၁/၂၀၁၀) ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၂ရက် နံနက် ၁၀နာရီက ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က သင်တန်းဖွင့်အမှာစကား ပြောကြားပြီး ဆရာမိုး(Follow me)နှင့် ဦးဝင်းသိန်း ဒုတိယရေကြောင်းဌာနမှူးချုပ်တို့က အင်္ဂလိပ်စကားပြောသင်တန်း ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။ အဆိုပါသင်တန်းကို လေးလတာ သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ မီးဘေးလုံခြုံမှု ရှိစေရေးအတွက် အဖွဲ့ပိုင်ဈေးကြီးအတွင်း လျှပ်စစ်ဝိုင်ယာကြိုး သွယ်တန်းထားရှိမှု စနစ်တကျရှိစေရေးနှင့် သွယ်တန်းထားသော လျှပ်စစ်ဝိုင်ယာကြိုးများ ကောင်းမွန်ခြင်း ရှိ မရှိကို ဇွန် ၃၀ရက်က စည်ပင်သာယာရေး ဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွန့် ကွင်းဆင်းစစ်ဆေးရာ အဖွဲ့အမှုဆောင်အရာရှိ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့တို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်း ထွေတလာ

မြန်မာ့အလင်း စာတည်းထံပေးစာများ

ဈေးဆိုင်များ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

တာမွေမြို့နယ် မအူကုန်းရပ်ကွက် ၁၃၆လမ်း၊ ၁၃၇လမ်းနှင့် ၁၃၈လမ်းရှိ လူနေအိမ်များတွင် ဈေးဆိုင်များဖွင့်ခြင်း၊ လမ်းမပေါ်သို့ ခုံကြီးများခင်းခြင်း၊ ပစ္စည်းများ လမ်းပေါ်ချရောင်းခြင်း၊ အများပြည်သူအိမ်ရှေ့များ၌ ကားပိတ်၍ ဈေးရောင်းခြင်း၊ ကုန်ကားကြီးများ ဝင်ရောက်ရပ်ထားခြင်းကြောင့် လမ်းသူလမ်းသား သွားလာရခက်ခဲပြီး လမ်းမှာလည်း ပျက်စီးလာပြီ ဖြစ်ပါ၍ သက်ဆိုင်ရာမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သူ ရပ်ကွက်သား

ရေနုတ်မြောင်းပေါ်မှ ဆိုင်များ ရှင်းပေးစေလို

စာတည်းခင်ဗျား-

လှိုင်သာယာမြို့နယ် အမှတ်(၇) ရပ်ကွက် စိန်ပန်းမြိုင် (၄)လမ်းတွင် တောင်၊ မြောက်နှင့် အနောက်ထွက်ပေါက် သုံးပေါက်ရှိသည့် ထွက်ပေါက်များတွင် ရေမြောင်းများ ပိတ်ဆို့ပြီး အခိုင်အမာ အဆောက်အအုံများ ဆောက်လုပ်ထားသဖြင့် ရေများ ထွက်ပေါက်မရှိဘဲ ညစ်ပတ်ခြင်း၊ လမ်းပေါ်သို့ ရေများကျော်ခြင်းတို့ကြောင့် ကျန်းမာရေး ထိခိုက်နိုင်ပါသည်။ ထို့ကြောင့် ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းပေါ်ရှိ ဆိုင်များရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသားတစ်ဦး

ကုန်တင်ယာဉ်များ စည်းကမ်းတကျ ရပ်စေချင်

စာတည်းခင်ဗျား-

ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၂)ရပ်ကွက်ရှိ လူစည်ကားသော ဈေးတန်းလမ်း၊ သစ္စာလမ်း၊ သီတာအနောက်လမ်း၊ မင်းတန်းလမ်း၊ ဗိုလ်ချုပ်လမ်း၊ ဘုရားလမ်းနှင့် အမှတ် (၃)ရပ်ကွက်ရှိ အထက(၁) ကျောင်းလမ်းတို့တွင် ကုန်တင်ယာဉ်ကြီးများ ဥဒဟို ဝင်ထွက်သွားလာပြီး အချိန်ကြာမြင့်စွာ ကုန်တင်၊ ကုန်ချ ပြုလုပ်နေကြသဖြင့် မြို့တွင်းလမ်းပိတ်ဆို့မှုရှိခြင်း၊ လမ်းများပျက်စီးခြင်းနှင့် ယာဉ်အန္တရာယ်ရှိခြင်းတို့ကြောင့် ယင်းကုန်တင်ယာဉ်ကြီးများကို ဘားအံမြို့ပြင်ရှိ သင့်တော်ရာနေရာသို့ စည်းကမ်းတကျ ပြောင်းရွှေ့ရပ်နားစေရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းရှင်းစေလိုသူ

စက်သုံးဆီများကြောင့် မီးဘေးစိုးရိမ်ရ

စာတည်းခင်ဗျား-

ဧရာဝတီတိုင်း ပုသိမ်မြို့ အမှတ်(၂)ရပ်ကွက် ပန်းခြံလမ်းရှိ အိမ်တစ်အိမ် (မကျီးပင်တန်းလမ်းနှင့် ဝါးယားချောင်းကားဂိတ်အကြား)တွင် စက်သုံးဆီများကို စီးပွားဖြစ် သိုလှောင်ရောင်းချနေခြင်းကြောင့် ရပ်ကွက်အတွင်း မီးဘေးအန္တရာယ် စိုးရိမ်နေရပြီး နေ့စဉ်နှင့်အမျှ တိုင်ကီပိုးထုရိုက်သံများကြောင့် ရပ်ကွက်သူရပ်ကွက်သားများ နားမခံနိုင်အောင် အနှောင့်အယှက်ဖြစ်နေပါ၍ လိုအပ်သလိုဆောင်ရွက်ပေးနိုင်ရန် တင်ပြအပ်ပါသည်။

ပန်းခြံလမ်းသူ လမ်းသားများ

ကာရာအိုကေဆိုင်မှ သီဆိုသံ ပတ်ဝန်းကျင် နားမခံနိုင်

စာတည်းခင်ဗျား-

မန္တလေးမြို့ ၃၉ လမ်း သိပ္ပံလမ်း မြောက်ဘက် (ရဲမွန်တောင်) ငွေတော်ကျီကုန်းရပ်ရှိ ကာရာအိုကေဆိုင်မှာ ညစဉ် ညဉ့်နက်သည်အထိ အော်ဟစ်သီဆိုနေကြသည့် ဆူညံသံများကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်ကြသူများ နားမခံနိုင်အောင် စိတ်အနှောင့်အယှက် ဖြစ်ရပါ၍ သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

နားမခံနိုင်သူများ

ရေဆိုးနှင့်ညှော်နံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ဧရာဝတီတိုင်း ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် အမှတ်(၆)ရပ်ကွက် မင်းရဲကျော်စွာလမ်းနှင့် ပေ ၁၅၀ခန့်အကွာတွင်ရှိသော ဆန်စက်မှ (ဂက်စ်)ဓာတ်ငွေ့သုံး စပါးခွံစက်လည်ပတ်ရာမှ ထွက်ရှိလာသော ညှော်နံ့ဆိုး၊ ရေဆိုးများသည် ပတ်ဝန်းကျင်နေထိုင်သူများ၏ ကျန်းမာရေးကို ထိခိုက်နေပါသဖြင့် လိုအပ်သလို ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ညှော်နံ့မခံနိုင်သူ

အမှိုက်ပုံမှ အနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ရွှေဘိုမြို့ အမှတ်(၁)ရပ်ကွက် လူနေအိမ်ကြားရှိ အမှိုက်ပုံမှ ထွက်ရှိသော အနံ့ဆိုးများကြောင့် သက်ကြီးရွယ်အိုနှင့် ကလေးသူငယ်များ ကျန်းမာရေးထိခိုက်နေပါသဖြင့် အမှိုက်ပုံကို ရွှေ့ပြောင်းပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သားများ**

သားစိမ်း၊ ငါးစိမ်းသည်များ ရှင်းလင်းဆောင်ရွက်ပြီး

၂၁-၆-၂၀၁၀ရက် မြန်မာ့အလင်း သတင်းစာပါ **ပဲခူးတိုင်း ညောင်လေးပင်မြို့ ဈေးအနောက်လမ်းတစ်လျှောက်တွင် ပုံကျသားစိမ်း၊ ငါးစိမ်းသည်များ လမ်းပေါ်သို့တက်၍ ရောင်းချနေသဖြင့် ရှင်းလင်းပေးပါရန်** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

ထုံးဂိုဒေါင်မှ ထုံးမှုန့်များပျံ့လွင့်မှု ဆောင်ရွက်ပြီး

၁-၂-၂၀၁၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မုံရွာမြို့ မြို့ဝင်ရပ်ကွက် သံလမ်းဘေးဝဲယာရှိ ထုံးဂိုဒေါင် ငါးခုမှ ထုံးမှုန့်များ ပျံ့လွင့်မှုကြောင့် ကျန်းမာရေးထိခိုက်** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

စည်းကမ်းတကျ ဈေးရောင်းချရေး ဆောင်ရွက်ပြီးဖြစ်

၃၁-၅-၂၀၁၀ရက် မြန်မာ့အလင်းသတင်းစာပါ **ရွှေဘိုခရိုင် ဝက်လက် မြို့နယ် လှတောကျေးရွာ စည်ပင်သာယာဈေးအတွင်း စည်းကမ်းတကျ ရောင်းချပေးစေချင်** ပေးစာပတ်သက်၍ ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများ ညောင်ဦးခရိုင် လက်ပန်ခြေပေါ်ကျေးရွာ၌ ကွင်းဆင်းကုသ

ညောင်ဦး ဇူလိုင် ၁၃

ညောင်ဦးခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ထွန်းနှင့် အထူးကုဆရာဝန်ကြီးများပါဝင်သော ကျန်းမာရေးဝန်ထမ်း ၃၅ဦးတို့သည် ဇူလိုင် ၁၁ရက် နံနက်က လက်ပန်ခြေပေါ် ကျေးရွာသို့သွားရောက်၍ အခမဲ့ ကွင်းဆင်းဆေးကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြရာ**(အပေါ်ပုံ)** လက်ပန်ခြေပေါ်ကျေးရွာနှင့် ယင်းကျေးရွာအနီး ပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ပြည်သူများ၊ ဧရာဝတီ တံတား(ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်း(လက်ပန်ခြေပေါ်ဘက်ကမ်း)မှ ဝန်ထမ်းများစုစုပေါင်း ၅၃၁ဦး လာရောက်၍ ဆေးကုသမှု ခံယူခဲ့ကြသည်။

ကူညီဆောင်ရွက်

အဆိုပါ အခမဲ့ကွင်းဆင်း ဆေးကုသခြင်းလုပ်ငန်းများဆောင်ရွက်ရာသို့ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းထွန်းနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပ၌ဖွင့်

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၀ရက် နံနက် ၈ နာရီက မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မြတ်ခရေခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစောဝင်းက အမှာစကားပြောကြားပြီးနောက် ရန်ကုန်တိုင်းကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန် အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ဆက်လက်၍ သင်တန်းနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဆန်းဆွေနု က ရှင်းလင်းပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်တို့က ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ ကော်မရှင်အဖွဲ့ခွဲလုပ်ငန်းတာဝန်များ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းဆွေးနွေးပို့ချကာ မဲရုံသရုပ်ပြ ရှင်းလင်းပွဲကျင်းပသည်။ အဆိုပါ သင်တန်းသို့ မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ၄၁၃ ဦး တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်း ထွေတလာ

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖြူးမြို့၌ ပညာပေးဟောပြော

ဖြူး ဇူလိုင် ၁၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(တောင်ငူ)မှဦးစီး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြောပွဲကို ဇွန် ၁၉ရက် နံနက်ပိုင်းက တောင်ငူခရိုင် ဖြူးမြို့ ဈေးမွှာရုံ၌ ကျင်းပရာ ဖြူး (မထသ) ဥက္ကဋ္ဌဦးသူရက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်ဦးစီးမှူး ဦးသောင်းမြင့် **(အပေါ်ပုံ)**၊ အကြီးတန်းစာရေး ဦးစောမင်းဆွေ၊ ခရိုင်ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်ဇော်မိုးတို့ ရှင်းလင်းဟောပြောကြပြီး ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် ယာဉ်နောက် ၇၀ကျော် တက်ရောက်ကြသည်။ (၀၅၂)

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့်အဖွဲ့ ပေါင်မြို့နယ် ဇင်းကျိုက်ကျေးရွာ ဖိုလ်ချုပ်ဈေးကြီးအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဂါလန် ၃၀၀၀ဆံ့ ရေကန်ပြုလုပ်မည့်နေရာကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာဦးသိန်းဇော်တို့က ရှင်းလင်းတင်ပြစဉ်။ (၁၇၆)

အခြေခံပညာ မူလတန်းလွန်ကျောင်း ကြို့ပင်ကောက်မြို့နယ်၌ဖွင့်

ကြို့ပင်ကောက် ဇူလိုင် ၁၁

ပဲခူးတိုင်း(အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ် ရုံးချောင်းကျေးရွာအုပ်စု ရုံးချောင်းကျေးရွာတွင် ဇူလိုင် ၁၀ရက် နံနက် ၉နာရီက အခြေခံပညာ မူလတန်းလွန်ကျောင်းဖွင့်ပွဲကိုကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်နိုင်နှင့် မြို့နယ်ပညာရေးမှူး ဦးအောင်ဝင်း၊ ရုံးချောင်းကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးမောင်စန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ပညာရေးဆိုင်ရာ

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်နိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးဦးအောင်ဝင်းနှင့် အခြေခံပညာမူလတန်းလွန် ကျောင်းအုပ်ကြီးဦးမြင့်ဝေတို့က ပညာရေးဆိုင်ရာ အချက်အလက်များကို ပြောကြားသည်။

ပေးအပ်

ယင်းနောက် ကျေးရွာပြည်သူများထံမှ ရရှိသော ကျောင်းရန်ပုံငွေကျပ် ခြောက်သိန်းကို ကျောင်းအကျိုးတော်ဆောင် ဦးစိုးသိန်းက ပေးအပ်ပြီး အခြေခံပညာ မူလတန်းလွန်ကျောင်းအုပ် ဦးမြင့်ဝေက လက်ခံသည်။

(၅၈၀)

သွေးလွန်တုပ်ကွေး ကာကွယ်ရေး ရသေ့တောင်မြို့နယ်၌ ဖုံး၊သွန်၊လဲ၊စစ် ဆောင်ရွက်

ရသေ့တောင် ဇူလိုင် ၁၃

ရသေ့တောင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ၂၀၁၀ခုနှစ် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ခြင်းလုပ်ငန်းကို ဇွန် ၂၉ရက်က မြို့တွင်းရှိ လူနေအိမ်တို့၌ ကျန်းမာရေးဌာနမှ ဝန်ထမ်းများက ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ရေတွင်း၊ ရေကန်များ၌ ဆေးခတ်ခြင်းကို ကျန်းမာရေးဌာနမှ ဝန်ထမ်းများနှင့်အတူ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းပါဝင်ဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မီးဘေး ကြိုတင်ကာကွယ်ရေး နမ့်ခမ်း မြို့မဈေး၌ ဆောင်ရွက်

နမ့်ခမ်း ဇူလိုင် ၁၁

နမ့်ခမ်းမြို့ မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လျှပ်စစ်မီးသွယ်တန်းဆောင်ရွက်ထားရှိမှု အခြေအနေကို ဇွန်၁၅ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောမြင့်ထွန်းနှင့် စည်ပင်သာယာရေး ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ် လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ တာဝန်ရှိသူများနှင့်အတူ လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ကြည့်ရှုစစ်ဆေး

ဈေးဆိုင်ခန်းများသို့ ပို့လွှတ်ပေးသော ဓာတ်အားလိုင်းများ စနစ်တကျရှိရေး၊ လုံခြုံရေးမီးလိုင်းများ သွယ်တန်းထားမှု၊ မီးချိတ်၊ မီးကပ်၊ မီးသတ်ဆေးဘူးများ ထားရှိမှု၊ မီးသတ်ရေပုံးများ တပ်ဆင်ထားမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မီးသတ်ရေပုံးများ ထပ်မံတိုးချဲ့ သွယ်တန်းရေး၊ မီးချိတ်၊ မီးကပ်နှင့် မီးသတ်ဆေးဘူးများ ထပ်မံဖြည့်တင်းထားရှိရေးတို့ကို ဆောင်ရွက်ရန် မှာကြားခဲ့သည်။ (၁၂၃)

မူးယစ်ဆေးဝါး တိုက်ဖျက်ရေး ဟောပြော

ကလော ဇူလိုင် ၁၂

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးအထိမ်းအမှတ် ဟောပြောပွဲကို ဇွန်၂၅ရက် နံနက် ၉နာရီက ကလောမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတို့၌ကျင်းပရာ အခမ်းအနားသို့ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကလောမြို့နယ် ရဲစခန်းမှ စခန်းမှူးရဲအုပ် ထိန်လင်းမောင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ တက်ရောက်ကြသည်။

အစီအစဉ်အရ ကလောမြို့နယ် ရဲစခန်းမှ စခန်းမှူး ရဲအုပ်ထိန်လင်းမောင်က မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။ **(မြို့နယ် ပြန်/ဆက်)**

15-7 (16).pmd 1 7/15/2010, 2:26 AM

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

■ ဆူပူအကြမ်းဖက်မှုကို မလိုလား။

■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ-ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား-နားမယောင်လေနဲ့ သတိထား။



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲရှိ ဂျပန်နိုင်ငံပြခန်းဆောင်အတွင်း ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး

ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲသို့ သွားရောက်ကြည့်ရှုလေ့လာ မြန်မာနိုင်ငံပြခန်းဆောင်အား ကြည့်ရှုအားပေး

နေပြည်တော် ဇူလိုင် ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် ဇူလိုင် ၁၀ရက် နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့၌ ကျင်းပလျက်ရှိသော ၂၀၁၀ခုနှစ် ကမ္ဘာ့ကုန်စည်ပြပွဲသို့ သွားရောက်ကြည့်ရှုလေ့လာသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ●

မြန်မာ့အလင်း သတင်းဆောင်းပါး

တင်ထွေး(သတင်းစဉ်)၏ "မျိုးဆက်သစ်တို့ လက်ဆင့်ကမ်း သယ်ဆောင်သွားကြရမည့် မြန်မာ့စွမ်းအင် သဘာဝသယံဇာတအရင်းအမြစ်များ" သတင်းဆောင်းပါးကို စာမျက်နှာ ၄၊ ၅၊ ၆တွင် ဖတ်ရှုနိုင်ပါသည်။